ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (11-10-2005) (၄၇၄၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၅ခုနှစ် အောက်တိုဘာလ ၈ရက်နေ့တွင်ဖြစ်ပွားခဲ့သော မြေငလျင်ဒဏ်ကြောင့် အိန္ဒိယသမ္မတနိုင်ငံ၌ လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံသို့ သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၅ခုနှစ် အောက်တိုဘာလ ၈ရက်နေ့တွင်ဖြစ်ပွားခဲ့သော မြေငလျင်ဒဏ်ကြောင့် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၌ လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ် မူရှာရက်ဖ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ် ဆရီ ဆိုဒ် ဟာမစ် အယ်လ်ဘာ ဘင် ဆိုဒ် ဂျာဖာ အယ်လ်ဘာနှင့်အဖွဲ့အား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ် ဆရီ ဆိုဒ် ဟာမစ် အယ်လ်ဘာ ဘင် ဆိုဒ် ဂျာဖာ အယ်လ်ဘာနှင့်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံရုံး ယာယီတာဝန်ခံ မစ္စတာ ရီဇာနီ အာရ် ဝမ်ဘင် မိုဟာမက် မက်ဇ်လန်လည်း တက်ရောက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ် ဆရီ ဆိုဒ် ဟာမစ် အယ်လ်ဘာ ဘင် ဆိုဒ် ဂျာဖာ အယ်လ်ဘာအား ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၁-၁၀-၂၀၀၅
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက် ဟင်းသီးဟင်းရွက်များ မြေလွတ်မကျန် တိုးချဲ့စိုက်ပျိုး

ရန်ကုန်မြို့တော်သည် နိုင်ငံတကာအဆင့်မီ မြို့တော်များ၏ အင်္ဂါရပ်များနှင့် လျော်ညီစွာ စည်ပင်ဖြစ်ထွန်းလျက်ရှိသည်နှင့်အညီ မြို့တော်နေလူဦးရေမှာလည်း နေ့စဉ်တိုးတက်များပြားလာလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော်ခေတ်မီဖွံ့ဖြိုးလာခြင်းနှင့်အတူ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည်တွင် စိုက်ပျိုးရေးကို အခြေခံထားပြီး စိမ်းလန်းစိုပြည်စေရေး၊ မြို့တော်နေပြည်သူများ သန့်ရှင်းလတ်ဆတ်သော သားငါး၊ သီးနှံများ စားသုံးနိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားသည်။

ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့်စိမ်းလန်းစိုပြည်ရေး စီမံကိန်းသည် ရန်ကုန်တိုင်း စပါးသီးနှံစိုက်ပျိုးရေးအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေသည့် စီမံကိန်းတစ်ခုဖြစ်သည်။ အဆိုပါ စီမံကိန်းအတွက် ဆည်တမံကြီးများကို တည်ဆောက်ပေးရန်မလိုဘဲ တည်ရှိပြီးဖြစ်သော ရေသွယ်တူးမြောင်းများ၊ ရေထိန်းတံခါးများ၊ ဆည်တမံအသေးစားများကို လိုအပ်သည့်ဒေသများတွင် ဆက်စပ်တည်ဆောက်ပေးရုံမျှဖြင့် အချိန်တိုကာလအတွင်း အကျိုးဖြစ်ထွန်းမှုများ ရရှိလာသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ပတ်ဝန်းကျင်တွင် အဆိုပါစီမံကိန်း အောင်မြင်လာသည်နှင့်အမျှ ယခင်က မိုးရာသီတွင်သာ စပါးစိုက်ပျိုး ဖြစ်ထွန်းခဲ့သည့် မြို့နယ်များတွင် ယခုအခါ ရာသီမရွေး သီးနှံများစိုက်ပျိုးဖြစ်ထွန်းလာပြီဖြစ်သည်။ တည်ဆောက်ပြီး ရေထိန်းတံခါးများ၏ အကျိုးပြုမှုဖြင့် နွေစပါးနှင့် သီးထပ်သီးနှံများ စိုက်ပျိုးရာ၌ ရေငန်တားဆီးနိုင်မှု၊ ရေချိုရရှိနိုင်မှု အကျိုးတရားများ ရရှိလာသည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုလျက်ရှိသည်။

ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် ရေမြေရာသီဥတု ကောင်းမွန်သော အခြေခံကောင်းများရှိသဖြင့် စိုက်ပျိုးမွေးမြူရေး အထူးဇုန်များကို တည်ထောင်လုပ်ကိုင်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်သည်။

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေး နှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်တွင် ဝန်ကြီးဌာနများ၊ တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် ကြက်မွေးမြူရေး၊ ငါးမွေးမြူရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသည်။

အဆိုပါ စိုက်ပျိုးမွေးမြူရေး အထူးဇုန်တွင် ဟင်းသီးဟင်းရွက် ၂၈ မျိုးကို စိုက်ပျိုးလျက်ရှိရာ ယခုအချိန်အထိ ဧက ၅၈၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မွေးမြူရေးလုပ်ငန်းများ၌ ကြက်မွေးမြူရေးတွင် အသားစားကြက်ကိုးသိန်းကျော်နှင့် ဥစားကြက်နှစ်သိန်းကျော် မွေးမြူထားရှိပြီး အသားစားကြက်များကို စဉ်ဆက်မပြတ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။

ငါးမွေးမြူရေးလုပ်ငန်းအနေဖြင့် ယနေ့အထိ ငါးကန် ၅၁၅ ဧက တူးဖော်ထားရှိပြီး ငါးကောင်ရေ ၁၄ သိန်းကျော်ကို မွေးမြူလုပ်ကိုင်လျက်ရှိသည်။

သို့ဖြစ်ရာ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်မှ တာဝန်ရှိသူများအနေဖြင့် ရန်ကုန်မြို့တော်နေပြည်သူများ လတ်ဆတ်သော သားငါးနှင့် ဟင်းသီးဟင်းရွက်များ ဖူလုံစွာစားသုံးနိုင်ရေး၊ ပိုလျှံသည်များ တင်ပို့ရောင်းချနိုင်ရေးတို့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ထားသော ဟင်းသီးဟင်းရွက်များအား မြေလွတ်မကျန် တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်ရေး အောင်လံအပ်နှင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်တိုင်း တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်ရေး အောင်လံအပ်နှင်းပွဲ နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အောင်မြင်ရေးအောင်လံကို အပ်နှင်းသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်း အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံ ဦးအုန်းကျော်နှင့် အနုပညာရှင်ကြီးများ၊အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ အနုပညာရှင်များက ရန်ကုန်တိုင်း ကိုယ်စားပြု ဝါသနာရှင်အဆင့် အရေးပြိုင်ပွဲဝင်များ စုပေါင်းရေးစပ်သီကုံးသည့် "ရွှေရည်သဲသဲ ဒို့အောင်ပွဲ" သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အောင်လံအပ်နှင်း

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အနုပညာရှင်များကိုယ်စား ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်ရေး ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးသိန်းဇော်ထံသို့ အောင်မြင်ရေးအောင်လံကို အပ်နှင်းသည်။

မှာကြား

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းကိုယ်စားပြု၍ ဗဟိုအဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အနုပညာရှင်များ အနေဖြင့် အရည်အသွေးမြင့်မားစွာ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် ခရိုင်အဆင့်၊ တိုင်းအဆင့်ပြိုင်ပွဲများကို အဆင့်ဆင့် ကျင်းပပြုလုပ်ပေးခဲ့ပြီး စနစ်တကျ စိစစ်ရွေးချယ်ထားခြင်းဖြစ်ရာ ယခင်နှစ်များကထက် အနုပညာအရည်အသွေးနှင့် အဆင့်အတန်း မြင့်မားစွာဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြရန် အလေးအနက်မှာကြားလိုကြောင်း၊ တိုင်း၏ အောင်မြင်မှု အစဉ်အလာနှင့်ဂုဏ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရေး ကြိုးစားကြရန်နှင့် သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ ယှဉ်ပြိုင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

တံခွန်စိုက်ဆုချီးမြှင့်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသည့် ရန်ကုန်အရှေ့ပိုင်း ခရိုင်အား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ရာ ရန်ကုန်အရှေ့ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က လက်ခံသည်။

ဆက်လက်၍ တိုင်းမှူးက အဆိုပြိုင်ပွဲတွင် ဆုရရှိသူများကိုယ်စား ဦးသက်ဆွေအားလည်းကောင်း၊ အကပြိုင်ပွဲတွင် ဆုရရှိသူများ ကိုယ်စား ဦးကျော်ဝင်းစိန်အား လည်းကောင်း၊ အရေးပြိုင်ပွဲတွင် ဆုရရှိသူများ ကိုယ်စား ဦးသက်အောင်အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အတီးပြိုင်ပွဲတွင် ဆုရရှိသူများ ကိုယ်စား ဒေါ်စန်းစန်းကြည်အား ဆုများပေးအပ်ချီးမြှင့်ပြီး အကဲဖြတ်အမှတ်ပေးဒိုင်များအဖြစ် ဆောင်ရွက်ပေးခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံ ဦးအုန်းကျော်က ရန်ကုန်တိုင်း တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်ရေး ကော်မတီသို့ ငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ဦးသက်ဆွေက မြန်မာနိုင်ငံ ဂီတအစည်းအရုံး အတွင်းရေးမှူး ဦးအမိုင်း လှူဒါန်းသည့် ငွေကျပ်ငါးသောင်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲအောင်မြင်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေမျိုးက လက်ခံသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်ရေး အောင်လံအပ်နှင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အနုပညာရှင်များ ကိုယ်စား အောင်မြင်ရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးသိန်းဇော်ထံ အောင်မြင်ရေးအောင်လံအပ်နှင်းစဉ်။

(သတင်းစဉ်)

ဖျော်ဖြေတင်ဆက်

ယင်းနောက် အခြေခံပညာ(၅-၁၀) အဆင့် စန္ဒရားပြိုင်ပွဲဝင် မဖူးငုံကျော်က စန္ဒရားလက်သံဖြင့် လည်းကောင်း၊ တယောပြိုင်ပွဲဝင်များက တယောလက်သံဖြင့် လည်းကောင်း၊ အခြေခံပညာ(၅-၁၀)အဆင့် ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲဝင် မချစ်စုဝေစတင်းအဖွဲ့က ဆိုင်းလက်သံဖြင့်လည်းကောင်း၊ ပညာရှင်အဆင့် အဆိုပြိုင်ပွဲဝင် ဒေါ်ယဉ်ယဉ်ထွန်းက "ပင်ချင်းယှက်၍ နွယ်ချင်းခက်သော်"သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ(၁၀-၁၅)အဆင့် စောင်းပြိုင်ပွဲဝင် မရူပါဌေးက စောင်းလက်သံဖြင့်လည်းကောင်း၊ ဇာတ်သဘင်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မောင်မိုးမင်းဇာတ်အဖွဲ့မှ မသပြေ၏ "ကချေသည်"သီချင်းဖြင့် တွဲဖက်၍ မသန္တာလင်း ၏ အကဖြင့်လည်းကောင်း၊ ဘင်ဂျို ဦးမောင်မောင်က ဘင်ဂျိုလက်သံဖြင့် လည်းကောင်း၊ ပညာရှင်အဆင့် အရေးပြိုင်ပွဲဝင်များ ရေးသားသော"သွားစို့တူညီ၊ အောင်ပွဲဆီသို့"သီချင်းဖြင့်လည်းကောင်း သီဆိုတီးခတ် ဖျော်ဖြေ တင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝင်ရောက်ယှဉ်ပြိုင်

တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ပညာရှင်အဆင့် ၁၅၃ဦး၊ ဝါသနာရှင်အဆင့် ၇၃ဦး၊ အဆင့်မြင့်ပညာအဆင့် ၄၁ဦးနှင့် အခြေခံပညာအဆင့် ၁၇၅ဦး စုစုပေါင်း အနုပညာရှင် ၄၄၂ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

အောက်တိုဘာ ၁၀ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ် ဆရီ ဆိုဒ် ဟာမစ် အယ်လ်ဘာ ဘင်ဆိုဒ် ဂျာဖာ အယ်လ်ဘာအား ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

အောက်တိုဘာ ၁၀ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ် ဆရီ ဆိုဒ် ဟာမစ် အယ်လ်ဘာ ဘင် ဆိုဒ် ဂျာဖာ အယ်လ်ဘာနှင့် အဖွဲ့နှင့်အတူ ရန်ကုန်မြို့ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ် ဆရီ ဆိုဒ် ဟာမစ် အယ်လ်ဘာ ဘင် ဆိုဒ် ဂျာဖာ အယ်လ်ဘာနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီး ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ် ဆရီ ဆိုဒ် ဟာမစ် အယ်လ်ဘာ ဘင် ဆိုဒ် ဂျာဖာ အယ်လ်ဘာနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ ရီဇာနီ အာရီ ဝမ်ဘင် မိုဟာမက် မက်ဇ်လန်နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လိုက်ပါ

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ် ဆရီ ဆိုဒ် ဟာမစ် အယ်လ်ဘာ ဘင် ဆိုဒ် ဂျာဖာ အယ်လ်ဘာနှင့်ဇနီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန်ချုပ် ဒါတို မိုဟာမက် ရပ်စ်တမ် အီဆာနှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အခြားအဆင့်မြင့် အရာရှိကြီးများ လိုက်ပါလာကြသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အိန္ဒိယပြည်ပရေးရာ ဝန်ကြီးထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၅ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော မြေငလျင်ဒဏ်ကြောင့် အိန္ဒိယသမ္မတနိုင်ငံ၌ လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး မစ္စတာ ကေ၊ နတ်ဝါ ဆင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၅ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော မြေငလျင်ဒဏ်ကြောင့် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၌ လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မီရန်ကူရှစ် မာမွတ် ကာစူရီထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အီရတ်ရောက် ဘူလ်ဂေးရီးယားတပ်ဖွဲ့ ယခုနှစ်ကုန်တွင် စတင်ရုပ်သိမ်းမည်

ဆိုဖီယာ အောက်တိုဘာ ၉

ဘူလ်ဂေးရီးယားနိုင်ငံသည် အစီအစဉ်ချမှတ်ထားသည့်အတိုင်း ယခုနှစ်ကုန်ဆုံးချိန်တွင် အီရတ်မှ တပ်ဖွဲ့ရုပ်သိမ်းမှုကို စတင်ပြုလုပ်မည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယား ကာကွယ်ရေးဝန်ကြီးက သောကြာနေ့တွင် ပြောကြားသည်။

ဘောလ်ကန်ဒေသရှိဘူလ်ဂေးရီးယားနိုင်ငံသည် အီရတ်နိုင်ငံတွင် အင်အား ၃၇၀ရှိ ခြေလျင်တပ်ရင်း တစ်ခုကို ဖြန့်ကြက်ထားသည်။

တပ်ဖွဲ့ရုပ်သိမ်း

ဘူလ်ဂေးရီးယားနိုင်ငံသည် ကနဦး အနေဖြင့် ယခုနှစ်ကုန်ထက် ပိုမို စောစီးစွာ တပ်ဖွဲ့ရုပ်သိမ်းရန် စီစဉ်ခဲ့သည်။

ဆုံးဖြတ်ခဲ့

သို့ရာတွင် ဩဂုတ်လ၌ အာဏာရရှိလာခဲ့သော ဆိုရှယ်လစ်ဦးဆောင်သည့် အစိုးရအဖွဲ့က ယခုနှစ်ကုန်ချိန်အထိ အီရတ်တွင် တပ်ဖွဲ့များ ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။

ပြောကြား

သို့ရာတွင်ဘူလ်ဂေးရီးယားပြည်သူများက အီရတ်စစ်ပွဲကို ထောက်ခံအားပေးခြင်းမရှိသဖြင့် အီရတ်မှတပ်ဖွဲ့ ရုပ်သိမ်းရန် ပါလီမန်၏ တောင်းဆိုချက်နှင့် အညီ တပ်ဖွဲ့ရုပ်သိမ်းမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဗက်ဆယ်လင် ဘလစ်နာကော့ဗ်က သတင်းထောက်များအား ပြောကြားသည်။

အီရတ်မှအပြီးသတ် တပ်ဖွဲ့ရုပ်သိမ်းမှု ပြုလုပ်ရန် လအနည်းငယ်မျှ တာဝန်ယူရဖွယ်ရှိကြောင်း ဘူလ်ဂေးရီးယား စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

နှစ်သက်လိုလား

ဘူလ်ဂေးရီးယားပြည်သူ၇၀ရာခိုင်နှုန်း အနက်သုံးပုံနှစ်ပုံခန့်မှာ အီရတ်စစ်ပွဲ ဖြစ်ပွားခြင်းကို နှစ်သက် လိုလားခြင်း မရှိကြပေ။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားများတွင် ဖောက်ခွဲရေးပစ္စည်းများ ပါ၊မပါ စစ်ဆေးနေကြသော ကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြို့တော်ဘဂ္ဂဒက်အနောက်ပိုင်းတွင် ရဲကားတစ်စီး ဗုံးခွဲခံရ၊ အနည်းဆုံး ခုနစ်ဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၉

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက် အနောက်ပိုင်းဒေသတွင် ကင်းလှည့်နေသော ရဲမော်တော်ယာဉ်တစ်စီးကို ကားဗုံးခွဲ တိုက်ခိုက်မှု ဖြစ်ပွားရာ ခုနစ်ဦးထက် မနည်းသေဆုံးရကြောင်း ပြည်ထဲရေး ဝန်ကြီးဌာန သတင်းရပ်ကွက်က စနေနေ့တွင် ပြောကြားသည်။

ပြောကြား

ကားဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားခြောက်ဦး သေဆုံးရကြောင်း၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အရပ်သား ခြောက်ဦးတို့မှာလည်း ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

သေဆုံး

အီရတ်နိုင်ငံတွင် ပြောက်ကျားများက အမေရိကန်ကျောထောက်နောက်ခံပြု အစိုးရအဖွဲ့ ပြုတ်ကျစေရန် ရည်ရွယ်လျက် ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ လူရာပေါင်းများစွာ သေဆုံးခဲ့ရပြီးဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာသတင်းများ

အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အောက်တိုဘာ ၈ ရက်အထိ ၁၉၅၂ ဦးရှိ

ဝါရှင်တန် အောက်တိုဘာ ၉

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးနောက် ယခုနှစ် အောက်တိုဘာ ၈ရက်အထိ အီရတ်နိုင်ငံတွင် သေဆုံးခဲ့ရသော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၁၉၅၂ ဦး ရှိကြောင်း အေပီသတင်းဌာန၏ စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

အီရတ်တွင် သေဆုံးခဲ့ရသော အမေရိကန် တပ်ဖွဲ့ဝင်များအနက် ၁၅၂၀ ဦးထက်မနည်းမှာ ရန်သူ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရကြောင်း ဖော်ပြပါ အရေအတွက်တွင် အမေရိကန်စစ်ဘက်၌ အမှုထမ်းနေသည့် အရပ်သား ငါးဦးလည်း ပါဝင်ကြောင်း အဆိုပါ စစ်တမ်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် အဓိကကျသော တိုက်ခိုက်ရေး၊ စစ်ဆင်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ဘုရှ်က ထုတ်ပြန်ကြေညာသည့် ၂၀၀၃ ခုနှစ် မေလ ၁ ရက်နောက်ပိုင်း ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၈၁၃ ဦး သေဆုံးခဲ့ရကြောင်း၊ ဖော်ပြပါ အရေအတွက်အနက် ၁၄၁၂ဦးမှာ ရန်သူ၏ တိုက်ခိုက်မှုကြောင့် သေဆုံး ရကြောင်း အေပီ၏ စစ်တမ်းတွင် ဆက်လက်ဖော်ပြထားသည်။

အင်တာနက်။

ဘင်္ဂလားဒေ့ရှ်မြောက်ပိုင်းရေလွှမ်းမိုး လေးရက်အတွင်း လူ ၁၆ဦးသေဆုံး

ဒါကာ အောက်တိုဘာ ၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားမှုကြောင့် လွန်ခဲ့သည့်လေးရက်အတွင်း ၁၆ဦးသေဆုံး ရကြောင်း၊ ကောက်ပဲသီးနှံ စိုက်ခင်းများနှင့် အခြေခံ အဆောက်အအုံဆိုင်ရာ ပျက်စီးဆုံးရှုံးရမှုများလည်း ဖြစ်ပေါ်ရကြောင်း အစိုးရတာဝန် ရှိသူများက တနင်္ဂနွေနေ့တွင်ပြောကြားသည်။

ပျက်စီးခဲ့ရ

ရေလွှမ်းမိုးမှုဖြစ်ပွားရာ ဒေသများတွင် ပြည်သူ ၁ဒသမ၅သန်းကျော်မှာ ရေဘေးဒုက္ခသည်များ ဖြစ်နေရပြီး မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရွှံ့ဖြင့် တည်ဆောက် ထားသော နေအိမ်အလုံးပေါင်း ၁၀၀,၀၀၀ခန့် ပျက်စီးခဲ့ရကြောင်း တာဝန်ရှိသူ များက ပြောကြားသည်။

ပြောကြား

ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ငါးသိန်းခန့်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သဘာဝကပ်ဘေးဆိုင်ရာစီမံခန့်ခွဲရေး တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

စပါးနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများမှာ ရေနစ်မြုပ်လျက်ရှိပြီး စိုက်ပျိုးမြေ ဧက ၅၀၀,၀၀၀ခန့်မှာ ရေဘေးအန္တရာယ်ကိုတွေ့ကြုံရသည်။

ပိုမိုဆိုးရွား လာနိုင်

အိန္ဒိယနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အတွင်းသို့ စီးဝင်သည့်မြစ်များတွင် ရေလျှံလျက်ရှိပြီး မိုးဆက်လက်ရွာသွန်းမည်ဆိုပါက အခြေအနေမှာ ပိုမိုဆိုးရွား လာနိုင်ကြောင်းဎင်းက ပြောကြား သည်။

အမ်အင်အေ၊ရိုက်တာ။

အယ်လ်ဆာဗေဒိုတွင် မြေလျှောင်လှုပ်

မက္ကဆီကိုစီးတီး အောက်တိုဘာ ၉

အယ်လ်ဆာဗေဒိုနိုင်ငံတွင် သောကြာနေ့ ဒေသစံတော်ချိန် နံနက်၁၁နာရီ ၄၂မိနစ် (ဂရင်းနစ် စံတော်ချိန် ၁၇၄၂ နာရီ)၌ ပြင်းအားရစ်ချ်တာစကေး ၆ဒသမ၂ရှိ မြေငလျင်တစ်ခုလှုပ်သွားကြောင်း အယ်လ်ဆာဗေဒိုနိုင်ငံက သတင်းထုတ်ပြန်သည်။

ငလျင်ဗဟိုချက်မှာ မြို့တော် ဆန်ဆာဗေဒို၏ အနောက်တောင်ဘက် ၅၅ကီလိုမီတာအကွာရှိ ဘာရာဆာလာဒါ မြို့မှ ၅၁ကီလိုမီတာအကွာတွင်ရှိကြောင်း နယ်မြေပိုင်နက်လေကြောင်းရေးဌာန ညွှန်ကြားရေးမှူး အန်တိုနီယိုအ ရီနာက ပြောကြားသည်။

ဆန်ဆာဗေဒိုမြို့တွင် ငလျင်လှုပ်သွားပြီး ပြင်းအားမှာ မာကယ်လီစကေး ၄ဒီဂရီရှိသည်။ ငလျင်ကြောင့်ပစ္စည်း ပျက်စီးဆုံးရှုံးမှုများကို မတွေ့ရကြောင်း ပြည်ထဲရေးဝန်ကြီး ရီနီဖီရူရီအာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ရီတာမုန်တိုင်းနှင့် ကက်ထရီနာမုန်တိုင်းတို့ကြောင့် မက္ကဆီကိုပင်လယ်ကွေ့ရှိ ရေနံစင် ၁၀၉စင်တို့ ပျက်စီးခဲ့သည့်အနက် အမေရိကန်နိုင်ငံ အယ်လ်ဘားမား ကမ်းခြေသို့ မျောပါလာသော ရေနံစင် တစ်စင်ကို အောက်တိုဘာ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စတန်ဟာရီကိန်းကြောင့် ဂွာတီမာလာတွင် သေဆုံးသူ ၁၄၀၀ ရှိ

မက္ကဆီကိုစီးတီး အောက်တိုဘာ ၉

ဂွာတီမာလာနိုင်ငံတွင်စတန်ဟာရီကိန်းတိုက်ခတ်မှုကြောင့် သေဆုံးသူပေါင်းမှာ ၁၄၀၀ အထိ ရှိပြီဖြစ်ကြောင်း ဘေးအန္တရာယ်လျော့ချရေးအဖွဲ့က မြို့တော် ဂွာတီမာလာစီးတီးတွင် သောကြာနေ့က ပြောကြားသည်။

တွေ့ရှိခဲ့

သေဆုံးသူများ၏အလောင်း ၂၀၀ကို မက္ကဆီကိုနိုင်ငံနယ်စပ်အနီး ဆန်မာကို ပြည်နယ်ရှိ ရွာတစ်ရွာတွင်တွေ့ရှိခဲ့ကြောင်း၊ သေဆုံးသူပေါင်းမှာ ၁၄၀၀ ရှိပြီ ဖြစ်ကြောင်း ဂွာတီမာလာ အမျိုးသားဘေးအန္တရာယ် လျော့ချမှုညှိနှိုင်းရေး အဖွဲ့က ပြောကြားသည်။

ရေလွှမ်းမိုးခံခဲ့ရ

စတန်ဟာရီကိန်းကြောင့် အိမ်ခြေအလုံး ၄၄၀၀ကျော်မှာ ရေလွှမ်းမိုးခံခဲ့ရပြီး လူပေါင်း ၁၇၈၀၀၀မှာ ဒုက္ခရောက်ခဲ့ကြရကြောင်း ဂွာတီမာလာသမ္မတ အော်စကာဘာဂါက သောကြာနေ့တွင် ပြောကြားသည်။

ပျက်စီးဆုံးရှုံးမှုအများဆုံး

ဂွာတီမာလာတွင် ဗုဒ္ဓဟူးနေ့ကအများပြည်သူ ဘေးအန္တရာယ် အခြေအနေ ကြေညာထားသည်။ စတန်ဟာရီကိန်းသည် မက္ကဆီကိုတောင်ပိုင်းနှင့် အမေရိက အလယ်ပိုင်းကို တိုက်ခတ်ခဲ့ရာ ဂွာတီမာလာမှာ ပျက်စီးဆုံးရှုံးမှုအများဆုံး နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မီတယ်လ်သံမဏိလုပ်ငန်း အိန္ဒိယအရှေ့ပိုင်းတွင် ရင်းနှီးမြှုပ်နှံမည်

ရန်ချီ အောက်တိုဘာ ၉

အိန္ဒိယနိုင်ငံ မီတယ်လ်သံမဏိလုပ်ငန်းသည် နိုင်ငံ၏ အရှေ့ပိုင်းရှိ ဂျာခင်ပြည်နယ် အစိုးရနှင့် ဓာတ်သတ္တုတူးဖော်ရေး၊ သံမဏိ ထုတ်လုပ်ရေး လုပ်ငန်းများတွင် ရူးပီးငွေဘီလီယံ ၄၀၀ ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်သွားရန် နားလည်မှုစာချွန်လွှာရေးထိုးခဲ့သည်။

ထိုနားလည်မှု စာချွန်လွှာအရ မီတယ်လ် သံမဏိကုမ္ပဏီသည် သံမဏိ တန်ချိန် ၁၂သန်းထုတ်လုပ်ပေးနိုင်သည့် စက်ရုံနှစ်ရုံကို တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်ကို အကောင်အထည်ဖော်ရာတွင် သံမဏိ တန်ချိန် ခြောက်သန်းစီ ထုတ်လုပ်နိုင်သော စက်ရုံနှစ်ရုံကို အဆင့်နှစ်ဆင့်ခွဲ၍ တည်ဆောက်သွား မည်ဖြစ်သည်။ စာချုပ်ပြီးချိန်မှ ပထမ ၄၈လအတွင်း သံမဏိစက်ရုံတစ်ရုံကို အပြီးတည်ဆောက် ရမည်ဖြစ်ပြီး ဒုတိယသံမဏိစက်ရုံကို ၅၄လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌ မီတယ်လ်က ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

အိန္ဒိယနှင့်တရုတ် အပြန်အလှန်ကုန်သွယ်မှု တိုးတက်နေ ယခုနှစ် ပထမရှစ်လတွင် ဒေါ်လာ ၁၂ ဒသမ ၂ ဘီလီယံဖိုးရှိ

ပေကျင်း အောက်တိုဘာ ၉

ယခုနှစ် ပထမရှစ်လတာကာလအတွင်း အိန္ဒိယနှင့်တရုတ်နိုင်ငံတို့၏ အပြန်အလှန် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၂ဒသမ ၂ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း၊ ၂၀၀၄ခုနှစ်တွင် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု ပမာဏဒေါ်လာ ၁၃ဒသမ ၆ဘီလီယံတန်ဖိုးအထိ စံချိန်တင်ရောက်ရှိခဲ့ပြီး ယခုနှစ်တွင်လည်း ကုန်သွယ်မှုပမာဏ စံချိန်သစ်တင်နိုင်မည်ဟု မျှော်လင့်ရကြောင်း တရုတ် အကောက်ခွန်ဌာနက စနေနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာ တစ်ရပ်၌ ဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု တန်ဖိုးသည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၄၀ ဒသမ ၃၇ရာခိုင်နှုန်း မြင့်တက်လာကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြင့်တက်

တရုတ်နိုင်ငံသို့ တင်ပို့သော အိန္ဒိယ ပို့ကုန် တန်ဖိုးမှာ ၂၈ဒသမ ၂၇ရာခိုင်နှုန်းမြင့်တက်ကာ အမေရိကန်ဒေါ်လာ ၆ဒသမ ၇ဘီလီယံဖိုးအထိ ရောက်ရှိလာကြောင်း၊ ထိုစဉ်အတွင်း တရုတ်နိုင်ငံမှ တင်သွင်းသော အိန္ဒိယ သွင်းကုန်တန်ဖိုးမှာ ၅၈ဒသမ ၆၆ရာခိုင်နှုန်းမြင့်တက်ကာ ဒေါ်လာ ၅ဒသမ၅ ဘီလီယံဖိုးအထိ ရှိကြောင်း အစီရင်ခံစာတွင် ဆက်လက် ဖော်ပြထားသည်။

၂၀၀၅ခုနှစ်၏ ပထမရှစ်လတာကာလတွင် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေး ပိုငွေပြမှုသည် ဒေါ်လာ ၁ဒသမ ၂ဘီလီယံရှိကြောင်း၊ လွန်ခဲ့သည့်နှစ် အလားတူကာလကမူ ဒေါ်လာ ၁ဒသမ ၇ဘီလီယံ ကုန်သွယ်ရေး ပိုငွေပြခဲ့ကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။

ပိုမိုတိုးတက်

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကုန်စည်ပြပွဲတစ်ရပ် ပြသရန် စီစဉ်လျက်ရှိကြောင်း၊ ယင်းကုန်စည်ပြပွဲသည် နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် အခွင့်အလမ်းတစ်ရပ် ပေးစွမ်းမည်ဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

ဗင်နီဇွဲလားနှင့် အီရန် ဘိလပ်မြေစက်ရုံ ပူးတွဲတည်ဆောက်မည်

ကာရာကတ်စ် အောက်တိုဘာ ၉

ဗင်နီဇွဲလားနိုင်ငံနှင့် အီရန်နိုင်ငံတို့သည် ဗင်နီဇွဲလားနိုင်ငံ မိုနာဂတ်ပြည်နယ် အနောက်မြောက်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၄၅သန်း ရင်းနှီးမြှုပ်နှံပြီး ဘိလပ်မြေစက်ရုံတစ်ရုံ ပူးတွဲတည်ဆောက်ရန် သဘောတူလက်မှတ်ရေးထိုးကြကြောင်း ဗင်နီဇွဲလား အခြေခံစက်မှုလုပ်ငန်းများနှင့် သတ္တုတူးဖော်ရေးဝန်ကြီး ဗစ်တာအယ်လ်ဗာရက်က သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါ စက်ရုံသည် ဗင်နီဇွဲလားနိုင်ငံတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ် ဘိလပ်မြေ တန်ချိန် တစ်သန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အောက်တိုဘာ ၉ ရက်က ဖုံးပေါက်ကွဲမှုကြောင့် မီးလောင်နေသော အဆောက်အအုံကို မီးငြိမ်းသတ်နေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဝေလပြည်နယ်တွင် အီးကိုလိုင်း ဘက်တီးရီးယားကြောင့် အစာအဆိပ်သင့်သူ ၁၆၁ဦးရှိပြီး ကလေးတစ်ဦး သေဆုံး

လန်ဒန် အောက်တိုဘာ ၉

ဗြိတိန်နိုင်ငံ ဝေလပြည်နယ်တွင် အီးကိုလိုင်း ဘက်တီးရီးယားကြောင့်ဖြစ်သော အစာအဆိပ်သင့်သူ ၁၆၁ ဦးရှိသည်။ ထိုအစာဆိပ်သင့်သောသူများတွင် ကလေးများမှာ အများဆုံးဖြစ်ပြီး အသက်ငါးနှစ်အရွယ်ရှိ ယောကျ်ားကလေးတစ်ဦး သေဆုံးခဲ့သည်ဟု အောက်တိုဘာ ၄ ရက် သတင်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

ဒီရီဒေသမှ မာဆွန်ဂျွန်အမည်ရှိ ကလေးတစ်ဦးသည် အစာအဆိပ်သင့်ဖြစ်မှုကြောင့် ဘရစ္စတိုလ်ရှိုင်ယယ်ဆေးရုံ၌ အောက်တိုဘာ ၃ ရက်ညတွင် သေဆုံးခဲ့သည်။ ထိုဆေးရုံ၌ အခြားကလေးလေးဦးလည်း အဆိုပါ အီးကိုလိုင်း ဘက်တီးရီးယား ကူးစက်ခံရမှုအတွက် ဆေးကုသခံယူလျက်ရှိသည်။

ထိုကလေးသည် စက်တင်ဘာ ၂၇ ရက်တွင် ဆေးရုံသို့တက်ခဲ့ရပြီး ၁၁ ရက်ကြာပြီးနောက် ၎င်း၏ ရောဂါသည် ပြင်းထန်ကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။

ကူးစက်

၎င်းသည် အဆိုပါဘက်တီးရီးယားကြောင့် ပထမဆုံး သေဆုံးသူဖြစ်ကြောင်း၊ ထိုဘက်တီးရီးယားသည် ဝေလပြည်နယ် တောင်ပိုင်းရှိ ကျောင်းပေါင်း ၃၈ ကျောင်းရှိ ကလေးများထံသို့ ပျံ့နှံ့လာပြီး နောက်ဆုံး ၎င်းတို့၏ မိဘများနှင့် အသိုက်အဝန်းများဆီသို့ ကူးစက်ကုန်သည်။

ဘက်တီးရီးယားပိုး ကူးစက်ဖြစ်ပွားရခြင်း၏ အရင်းအမြစ်ကို ယခုတိုင် အတည်ပြုမှု မရှိသေးသော်လည်း ကျောင်းများတွင် အသားများ ပို့ဆောင်ပေးသော ဘရစ်ဂျန်ဒ် စားသောက်လုပ်ငန်းကြောင့်ဖြစ်မည်ဟု စားသောက်ကုန်စိစစ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ စားသောက်ကုန်ထုတ်လုပ်သောလုပ်ငန်းမှ အသားများကို မသုံးစွဲရန် ကျောင်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် အခြားသောစားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းသို့ အကြောင်းကြားခဲ့သည်။

အီးကိုလိုင်း ဘက်တီးရီးယား၏ လက္ခဏာမှာ ပြင်းထန်စွာ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ခြင်းနှင့် အန်ခြင်းတို့ဖြစ်သည်။ ကလေးများနှင့် အသက်အရွယ်ကြီးသူများသည် ထိုလက္ခဏာများဖြစ်ပွားပါက အသက်ပါသေစေနိုင်သည်။

အဆိုပါ အီးကိုလိုင်းဘက်တီးရီးယားကြောင့် ဆေးရုံသို့ရောက်ရှိလာသော အသက် ၁၂နှစ်ရွယ် ကလေးတစ်ဦးကို ဆေးဝါးကုသပေးပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ကြောင်း၊ အသက် ရှစ်နှစ်၊ လေးနှစ်နှင့် နှစ်နှစ်ကလေး သုံးဦးသည်လည်း ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း ဘရစ္စတိုလ်ရှိုင်ယယ်ဆေးရုံက ပြောကြားခဲ့သည်။

ဘရစ္စတိုလ်ရှိုင်ယယ်ဆေးရုံမှဝန်ထမ်းများသည် ကလေးများကို ဂရုတစိုက်ကုသပေးခဲ့သော်လည်း မာဆွန်ဂျွန်ကွယ်လွန်သွားသည့်အတွက် ၎င်း၏ မိသားစုများကို အထူးပင်ဝမ်းနည်းကြောင်း ဆေးရုံ တာဝန်ရှိသူများ က ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ဂျီးရီးယားတွင် ကျောက်မီးသွေးသိုက်များ ဖော်ထုတ်မည်

အဘူဂျာ အောက်တိုဘာ ၉

နိုင်ဂျီးရီးယားနိုင်ငံတွင် တန်ချိန် ၂ဒသမ၇၄ဘီလီယံနီးပါးရှိ ကျောက်မီးသွေးသိုက်များကို ဖော်ထုတ်ရန် နိုင်ဂျီးရီးယားအစိုးရက နိုင်ငံခြားကုမ္ပဏီများအား ကြာသပတေးနေ့တွင် ပန်ကြားလိုက်သည်။

နိုင်ဂျီးရီးယားတွင် ကျောက်မီးသွေးကို ၁၉၀၉ခုနှစ်တွင် စတင်ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ဖော်ထုတ်ခြင်းမပြုရသေးသော ကျောက်မီးသွေးသိုက် အများအပြားရှိနေကြောင်း နိုင်ဂျီးရီးယား ဓာတ်သတ္တုရှာဖွေရေးဝန်ကြီးဌာန အတွင်းဝန် အဘိုကီဇာဝါက သတင်းထောက်များအား မြို့တော်အဘူဂျာတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာချေးပြည်နယ်ရှိ ဆူနာမီဒုက္ခသည်များအတွက် ဒဗလျူအက်ဖ်ပီက စားနပ်ရိက္ခာထောက်ပံ့မည်

ဂျကာတာ အောက်တိုဘာ ၉

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ဆူနာမီလှိုင်းဒဏ် ခံစားခဲ့ရသော ဒေသခံ ပြည်သူ ၅၀၀၀၀၀အတွက် ၂၀၀၆ခုနှစ်နှင့် ၂၀၀၇ခုနှစ်တို့တွင် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနိုင်ရန် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က ဒေါ်လာသန်း ၉၀ ရန်ပုံငွေ ထုတ်ပေးမည်ဖြစ်ကြောင်း ဘစ္စနက် အင်ဒိုနီးရှားသတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။

အာချေးပြည်နယ်တွင် ဒေသခံပြည်သူ ၅၀၀၀၀၀ ခန့်မှာ ယာယီဖွင့်လှစ်ထားသည့်ဒုက္ခသည်စခန်းတစ်ခုတွင် နေထိုင်နေကြရကြောင်း၊ ၎င်းတို့ အခြေတကျ နေထိုင်နိုင်ချိန်အထိ စားနပ်ရိက္ခာ အထောက်အပံ့များရရှိရန် လိုအပ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ အင်ဒိုနီးရှားကိုယ်စားလှယ် မိုဟာမက်ဆာလီဟင်းက ပြောကြားသည်။

လွန်ခဲ့သည့်နှစ် ဒီဇင်ဘာ ၂၆ရက်က ဖြစ်ပွားခဲ့သည့် ဆူနာမီလှိုင်းကပ်ဘေးဆိုက်ရောက်မှုကြောင့် ဒုက္ခသည်များဖြစ်ခဲ့ရသည့် ကျောင်းသူ၊ ကျောင်းသားကလေးငယ်များအတွက်လည်း ရန်ပုံငွေတစ်ရပ် ထူထောင်ပေးရန်ရှိသည်။ အာချေးပြည်နယ်ရှိ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဆူနာမီလှိုင်းကျရောက်မှုကြောင့် လူပေါင်း ၂၂၀၀၀၀ ကျော်သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆူနာမီ မုန်တိုင်းဒဏ်သင့်၍ ပျက်စီးခဲ့ရသော အိန္ဒိယနိုင်ငံ တောင်ပိုင်း တမီလ်နာဒူး ပြည်နယ်မှ ရေလုပ်သားများ လုပ်ငန်းခွင်ပြန်ဝင်ရန် ပြင်ဆင်နေကြသည်ကို အောက်တိုဘာ ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပင်လယ်လေညင်းခံ တံတားပေါ်တွင် မီးလောင်ကျွမ်း

လန်ဒန် အောက်တိုဘာ ၁၀

ဗြိတိန်နိုင်ငံ အင်္ဂလန် အရှေ့ပိုင်း အက်ဆက်စ်မြို့ရှိ ပင်လယ်လေညင်းခံတံတားတစ်စင်း ပေါ်တွင် မီးလောင်မှုဖြစ်ပွားရာ ဈေးဆိုင်အချို့ ပျက်စီးသွားကြောင်း မီးသတ်နှင့်ကယ်ဆယ်ရေး တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ငြိမ်းသတ်

ကမ္ဘာပေါ်တွင် အရှည်လျားဆုံး လေညင်းခံတံတားဖြစ်သည့် အဆိုပါတံတားတွင် တည်ရှိသော ဖျော်ဖြေရေးဆိုင်ကနားများတည်ရှိရာနေရာ၌ တနင်္ဂနွေနေ့နှောင်းပိုင်းက မီးလောင်မှုဖြစ်ပွားကြောင်း၊ ၁ဒသမ၃၄မိုင်အရှည်ရှိ လေညင်းခံတံတားအဆုံးရှိ ယမကာအရောင်းဆိုင်၊ ပင်လယ်ထွက် အစားအစာအရောင်းဆိုင်နှင့် အမှတ်တရပစ္စည်းများ အရောင်းဆိုင်တို့ မီးလောင်ခံရကြောင်း၊ မီးလောင်မှုကြောင့် သစ်သားဖြင့် တည်ဆောက်ထားသော ဆိုင်ကနား အဆောက်အအုံများ၏ အစိတ်အပိုင်းအချို့ ပင်လယ်အတွင်းသို့ ကျသွားခဲ့ကြောင်း၊ မီးသတ်သမား ၅၀ က ကြိုးစားငြိမ်းသတ်ပေးခဲ့ကြောင်း မီးသတ်နှင့် ကယ်ဆယ်ရေးအရာရှိ မိုက်ကယ်အော့ဘွန်းက ပြောကြားသည်။

စတုတ္ထအကြိမ်

မည်သည့် အကြောင်းကြောင့် မီးလောင်မှုဖြစ်ပွားရသည်ကို လောလောဆယ် မသိရသေးပေ။ အဆိုပါ ပင်လယ်လေညင်းခံတံတားပေါ်တွင် မီးလောင်မှုဖြစ်ပွားခြင်းသည် နှစ်ပေါင်း ၅၀ ကာလအတွင်း စတုတ္ထအကြိမ်ဖြစ်သည်။ ယင်းလေညင်းခံတံတားကို ၁၈၈၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်း နှစ်များ၌ တိုးချဲ့တည်ဆောက်မှုများပြုလုပ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မစ္စတာဟာကလပ်ဟာဗဲလ်နှင့် ဘုန်းတော်ကြီးဒက်စမွန်တူးတူးသို့ အိတ်ဖွင့်ပေးစာ

မောင်ညတြ

လူကြီးမင်းများခင်ဗျား- “အဘိဓမ္မာပျက်လာရင် လိမ်လည်မှုတွေ ဖြစ်လာတတ်တယ်” ဆိုတဲ့ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒ ဆိုထုံးတစ်ခု ရှိပါတယ်။ အဘိဓမ္မာဆိုတာ ရုပ်ကမ္ဘာလောကကြီးကို လူ့စိတ်က ထင်ဟပ်ချက်ဖြစ်တယ်လို့လည်း အဆိုရှိပါတယ်။

အဓိပ္ပာယ်ကတော့ လူတွေရဲ့အတွေးအမြင်တွေဟာ ဖြစ်ရပ်နဲ့အရာဝတ္ထုတွေကို သူ့မူလအရှိအတိုင်းမြင်တတ်၊ သိတတ်မှသာ မှန်တဲ့ အတွေးအမြင်တွေ ဖြစ်နိုင်ပြီး ဖြစ်ရပ်မှန်တွေနဲ့ ဆန့်ကျင်တဲ့ပြောင်းပြန်အမြင်တွေဖြစ်နေရင် ဒါဟာအဘိဓမ္မာပျက်တာဖြစ်ပါတယ်။ ဒီလိုဖြစ်ရပ်တွေ၊ ရုပ်ဝတ္ထုတွေကို အဖြစ်မှန်၊ အရှိမှန်နဲ့ဆန့်ကျင်ပြီး ပြောင်းပြန်မြင်လာတဲ့အခါ မိမိအမြင်ကိုပြောလိုက်ရင် ဖြစ်ရပ်မှန်နဲ့ ဆန့်ကျင် ပြောင်းပြန်ဖြစ်နေတဲ့အတွက် လိမ်လည်မှုတွေ (မုသားစကားတွေ) ဖြစ်သွားပါတော့တယ်။

၂၀၀၅ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့က ကုလသမဂ္ဂသို့ပေးပို့ခဲ့တဲ့ “ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ်အရေးယူရန်တောင်းဆိုခြင်း”ဆိုတဲ့ အစီရင်ခံစာဟာ ဘယ်အကျိုးသက်ရောက်မှုနဲ့ဘယ်အဓိပ္ပာယ်သို့ သက်ရောက်သွားသလဲ ဆိုတာ ပြန်လည်ဆန်းစစ်သုံးသပ်နိုင်ရန် ပြန်လည် ရှင်းလင်းပြလိုပါတယ်။

လူကြီးမင်းများရဲ့ အစီရင်ခံစာမှာ စစ်တပ်က အာဏာသိမ်းလို့ တိုင်းပြည်တည်ငြိမ်ရေးနဲ့ငြိမ်းချမ်းရေးပျက်ပြားရတယ်လို့ စွပ်စွဲဖော်ပြထားပါတယ်။ ဒါဟာ ဖြစ်ရပ်မှန်ကို ပြောင်းပြန်တင်ပြတဲ့ ပထမအချက် ဖြစ်ပါတယ်။

အမှန်တကယ်က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးပျက်ပြားပြီး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးလာတဲ့ ဖြစ်ရပ်တွေမှာ တပ်မတော်က နိုင်ငံတော်အာဏာကို ရယူပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ဆောင်ရွက်ခဲ့ရတဲ့ ဖြစ်ရပ်တွေသာဖြစ်ပါတယ်။ အခြားတိုင်းပြည်တချို့တွေမှာဖြစ်သလို စစ်ဦးစီးချုပ်တစ်ယောက်က တိုင်းပြည်ကို ကြီးစိုးခြယ်လှယ်ကိုယ်ကျိုးရှာဖို့ အာဏာသိမ်းတဲ့ အဖြစ်မျိုးလုံးဝမဟုတ်ပါ။

မြန်မာနိုင်ငံရဲ့ ဒုတိယကမ္ဘာစစ်ပြီးစ အခြေအနေမှာ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့ အစိုးရရဲ့ နှစ်ပေါင်း ၁၂၃ နှစ် အုပ်စိုးခြယ်လှယ်သွေးစုပ်မှု၊ မြေရှင်စနစ်ကို ဖြစ်ပေါ်စေပြီး အားပေးထောက်ခံခဲ့မှု၊ ဒုတိယကမ္ဘာစစ်နှင့် ဖက်ဆစ်တွေရဲ့အုပ်စိုးခြယ်လှယ်ခဲ့မှုတွေကြောင့် တိုင်းပြည်ပြာပုံဘဝရောက်ပြီး ပြည်သူတွေရစရာမရှိအောင် မွဲပြာကျခဲ့ရပါတယ်။ ဒီလိုဆင်းရဲဒုက္ခရောက်မှုနှင့် ခေတ်နောက်ကျမှုရယ်၊ အင်္ဂလိပ်နယ်ချဲ့အုပ်ချုပ်မှုကို နာကြည်းရွံ့မုန်းခဲ့တာရယ်ကြောင့် “အရင်းရှင်စနစ်တိုက်ဖျက်ရေး၊ ဆိုရှယ်လစ် စနစ်တည်ဆောက်ရေး”စိတ်ကူးယဉ်လက်ဝဲအချောင်သမား ဆိုရှယ်လစ်ဝါဒသြဇာအောက်ကို ပြည်သူအများစုကျရောက်ခဲ့သလို နိုင်ငံရေးပါတီအားလုံးဟာလည်း လက်ဝဲစွန်း ဆိုရှယ်လစ်ဝါဒ လွှမ်းမိုးခဲ့ရပါတယ်။ ဒီလို နိုင်ငံရေးအမြင်မှားမှုဟာ အင်္ဂလိပ်အစိုးရနဲ့ စေ့စပ်ညှိနှိုင်းရယူလာတဲ့ လွတ်လပ်ရေးကိုစစ်မှန်တဲ့လွတ်လပ်ရေး မဟုတ်ဘဲ အတုအယောင်လွတ်လပ်ရေးဖြစ်တယ်၊ တိုင်းရင်းသား ခေရှင်လူတန်းစားနဲ့ နယ်ချဲ့သမားနဲ့ပေါင်းသွားတာဖြစ်တယ်ဆိုပြီး “ဖဆပလအပြုတ်တိုက်ရေး၊ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး”သူပုန်ထမှုကြီးပေါ်လာခဲ့ရပါတယ်။ အဲဒီမှာ ရေးယခင်ကတည်းက နယ်ချဲ့သမားတွေရဲ့ သွေးခွဲခံထားရတဲ့ တိုင်းရင်းသားလူမျိုးစုတွေဟာလည်း လိုက်ပါသူပုန်ထခဲ့ကြလို့ ရောင်စုံသူပုန်ထမှုကြီး ဖြစ်ခဲ့ရတယ်။

ဒီလိုအခြေအနေဆိုးမှာ မူလအစကတည်းက တပ်ပေါင်းစုသာဖြစ်တဲ့ ဖဆပလအဖွဲ့ချုပ်ဟာ ကွန်မြူနစ်တွေ ကွဲထွက်၊ ပြည်သူ့ရဲဘော်တွေ ကွဲထွက်၊ လူမျိုးစုတွေလိုက်ပါ သူပုန်ထမှုကြောင့် နိုင်ငံတော်အာဏာကို လုံလောက်စွာမထိန်းသိမ်းနိုင်တဲ့အတွက် ၁၉၄၉ခုနှစ်မှာ စစ်ဦးစီးချုပ်ကို ဒုတိယဝန်ကြီးချုပ်တာဝန်ပေးပြီး ဝန်ကြီးချုပ်နဲ့ အမျိုးသား နိုင်ငံရေး ဦးဆောင်မှုမှာ လက်တွဲပူးပေါင်းကာ သူပုန်နှိမ်နင်းရေးတွေလုပ်ပြီး နိုင်ငံတော်အာဏာတည်မြဲအောင်ကာကွယ်ပေးခဲ့ရတယ်။

၁၉၅၈ခုနှစ်မှာတော့ ဖဆပလအဖွဲ့ဟာ တည်မြဲနဲ့သန့်ရှင်းဆိုပြီး နှစ်ခြမ်းကွဲကာ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ရွေးကောက်ပွဲကို ဦးစီးကျင်းပရေးအတွက် စစ်ဦးစီးချုပ်ခေါင်းဆောင်တဲ့ အိမ်စောင့်အစိုးရဖွဲ့ပေးပြီး နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ရွေးကောက်ပွဲကျင်းပရေးကို တပ်မတော်က တာဝန်ယူခဲ့ရတယ်။

၁၉၆၀ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပပေးခဲ့ပြီး ၁၉၆၁ခုနှစ်မှာ ရွေးကောက်ပွဲ အနိုင်ရတဲ့ ပထစအစိုးရကို တာဝန်လွှဲပေးခဲ့သော်လည်း ပထစအစိုးရတွင်းမှာ ဦးဗိုလ်အုပ်စု၊ သခင်အုပ်စုထပ်ကွဲကာ နိုင်ငံတော်အာဏာကို ထိန်းသိမ်းနိုင်တဲ့ အနေအထားမရှိတဲ့ အခြေအနေမှာ ရှမ်းစော်ဘွားတွေက ပြည်ထောင်စုထဲကခွဲထွက်ပြီး အမေရိကန်ရှေ့ဆောင်တဲ့ ဆီတိုး စစ်အုပ်စုနဲ့ သွားပေါင်းမယ်လုပ်ခဲ့ကြလို့ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တပ်မတော်ကနိုင်ငံတော်အာဏာကို ရယူခဲ့ရတာဖြစ်တယ်။

၁၉၈၈ လူထုဆူပူအုံကြွမှုမှာလည်း အလားတူ တည်ဆဲအစိုးရဖြစ်တဲ့ ဒေါက်တာမောင်မောင် အစိုးရကလည်း နိုင်ငံတော်အာဏာကို မထိန်းသိမ်းနိုင်၊ သပိတ်တွေကို ခေါင်းဆောင်မှုရနေခဲ့တဲ့ ယနေ့ NLD ခေါင်းဆောင်ဖြစ်နေသူတွေကလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို တာဝန်ယူ ထိန်းသိမ်းနိုင်စွမ်းမရှိတဲ့အတွက် တိုင်းပြည်ဟာ မင်းမဲ့တိုင်းပြည်အသွင် ဆိုက်ရောက်ကြပြီး လက်ဝဲစွန်းဝါဒီ ဗကပ မြေအောက်ကလာပ်စည်းတွေက အာဏာသိမ်းရေးအတွက် ရဲစခန်းတွေဝင်စီးနေကြသလို မင်းမဲ့ဝါဒီတွေကလည်း နိုင်ငံတော်နဲ့ ပြည်သူပိုင်ပစ္စည်းတွေကို လုယက်ဖျက်ဆီးနေကာ ၎င်းတို့လုပ်ရပ်တွေကို ပြည်သူတွေက မကန့်ကွက်၊ မဆန့်ကျင်ရဲအောင် အပြစ်မဲ့ပြည်သူတွေကို ခေါင်းဖြတ်သတ်ပြနေတဲ့ အခြေအနေသို့ ဆိုက်ရောက်လာနေတဲ့အတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်က နိုင်ငံတော်အာဏာကို ရယူခဲ့ရတာဖြစ်တယ်။

ဒီဖြစ်ရပ်တွေဟာ အသွင်အားဖြင့် စစ်တပ်က အာဏာသိမ်းတဲ့ အသွင်ဆောင်ခဲ့သော်လည်း အနှစ်သာရအားဖြင့် အမျိုးသား နိုင်ငံရေး အခန်းကဏ္ဍမှာ ဦးဆောင်နိုင်သူ မရှိတဲ့အတွက် တပ်မတော်က တာဝန်တက်ယူရတဲ့ ဖြစ်ရပ်တွေပဲ ဖြစ်တယ်။

ဒုတိယစွပ်စွဲချက်ကတော့မြန်မာနိုင်ငံပြည်တွင်းရေးတွေဟာဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ တည်ငြိမ်ရေးကို ထိပါးစေတယ်ဆိုတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးကွဲလွဲမှုကြောင့် ဖဆပလအစိုးရလက်ထက်မှစ၍ တည်ဆဲအစိုးရအဆက်ဆက်မှာ ပြည်ပရောက်အစိုးရဆန့်ကျင်ရေး အုပ်စုတွေကို ပြည်ပနိုင်ငံတချို့က ၎င်းတို့ပြည်တွင်းမှာ လက်ခံထားပြီး ထောက်ကူအားပေးမှုတွေလုပ်ခဲ့သော်လည်း မြန်မာနိုင်ငံအစိုးရဟာ ကုလသမဂ္ဂအခြေခံမှုများ၊ ဘက်မလိုက် နိုင်ငံများရဲ့ ကြားနေဝါဒ အခြေခံများနဲ့အညီ ပြဿနာတွေကို ချဉ်းကပ်ဖြေရှင်းလေ့ရှိခဲ့ပါတယ်။ ဒါကြောင့် ဘယ်တုန်းကမှ မြန်မာနိုင်ငံက စတင်ခဲ့တဲ့ အိမ်နီးချင်းနိုင်ငံပဋိပက္ခမရှိခဲ့ပါ။

၁၉၈၈ လူထုဆူပူအုံကြွမှုမှာ တပ်မတော်အစိုးရဟာ ပြည်ပရောက်ကျောင်းသားများ၊ ပြည်ပြေးများကို နယ်စပ်မှာ ကြိုဆိုရေးစခန်းတွေဖွင့်ပြီး ပြန်ခေါ်ခဲ့ပါတယ်။ အများစုဟာ ပြန်ခဲ့သော်လည်း အနည်းစုကတော့ သောင်းကျန်းသူများရဲ့ ဖြားယောင်းခြိမ်းခြောက်မှုတွေကြောင့် မပြန်နိုင်ဘဲ ကျန်ခဲ့ပါတယ်။

အဲဒီကာလ အိမ်နီးချင်းနိုင်ငံတချို့ဟာ အစိုးရရဲ့ ပီပြင်ထင်ရှားတဲ့ နိုင်ငံရေး၊ စီးပွားရေး လုပ်ဆောင်ချက်တွေ မရှိသေးတာရယ်၊ အစိုးရဆန့်ကျင်ရေးဝါဒီတွေကလည်း ဒီမိုကရေစီရေး ကြွေးကြော်ခဲ့မှုကြောင့် ပြည်ပရောက် အစိုးရဆန့်ကျင်ရေးဝါဒီတွေကို အကူအညီတွေပေးခဲ့ကြသော်လည်း နောက်ပိုင်းမှာ တပ်မတော်အစိုးရရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်တည်ဆောက်မှုတွေ တစ်နေ့တခြား ကာယကံမြောက်အကောင်အထည်ပေါ်ခဲ့တာရယ်၊ အစိုးရဆန့်ကျင်ရေးဝါဒီတွေရဲ့ ဒီမိုကရေစီဆန့်ကျင်ရေးသရုပ်တွေ တစ်နေ့တခြား ပေါ်လွင်ထင်ရှားလာနေတာကြောင့် ယနေ့ ကာလမှာ ၎င်းတို့အား အားပေးထောက်ခံမှုမပြုတော့ဘဲ တပ်မတော်အစိုးရနဲ့ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဒေသလုံခြုံရေးတွေ ပူးပေါင်းလုပ်ဆောင်လာနေပါတယ်။ မြန်မာနိုင်ငံ တပ်မတော်အစိုးရဟာ အာဆီယံလို၊ ဘင်းမ်စတက်လို အဖွဲ့တွေဖြင့် မဟာမိတ်ပြုပူးပေါင်းဆောင်ရွက်နေသလို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်လည်း မဲခေါင်ဒေသဖွံ့ဖြိုးရေးစီမံချက်ဖြင့် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတိုးတက်ရန် ပူးပေါင်းလုပ်ဆောင်နေပြီဖြစ်ပါတယ်။ အိမ်နီးချင်းပြည်ပနိုင်ငံတွေနှင့်တစ်နေ့တခြား စီးပွားကုန်သွယ်ရေးတွေ တိုးတက်နေသလို ပူးပေါင်းဆက်သွယ်ရေးတွေ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာနေပါတယ်။ ဒါကြောင့် ဒီစွပ်စွဲချက်ဟာလည်း ပကတိအခြေအနေနဲ့ ကင်းကွာနေတဲ့ စွပ်စွဲချက်သာ ဖြစ်ပါတယ်။

တတိယစွပ်စွဲချက်ကတော့ မြန်မာနိုင်ငံအခြေအနေဟာ အာဖရိကတိုင်းပြည်တွေမှာဖြစ်နေတဲ့ လူမျိုးရေး ပဋိပက္ခနဲ့ လူမျိုးတုံးဖိနှိပ်သတ်ဖြတ်မှုတွေထက် ဆိုးရွားတဲ့အနေအထားရှိနေတယ်ဆိုတဲ့ စွပ်စွဲချက် ဖြစ်ပါတယ်။

အာဖရိကစီးပွားရေးအထူးနိမ့်ကျတဲ့ ဒေသတွေမှာ ဖြစ်ပွားနေတဲ့ ပြည်တွင်းပဋိပက္ခတွေဟာ စီးပွားရေးချွတ်ခြုံကျမှုမှ အကျိုးသက်ရောက်လာတဲ့ စီးပွားရေးစားကျက်လုမှုတွေပေါ် အခြေခံပြီး လူမျိုးရေးပဋိပက္ခဖြစ်ကာ လူမျိုးကန့်သတ်ပွဲတွေဖြစ်တယ်။ ဥပမာ ကွန်ဂိုနိုင်ငံဟာ အာဖရိကမှာ တတိယမြောက်အကြီးဆုံး တိုင်းပြည်ဖြစ်ပြီး လူဦးရေသန်း ၅၀ ကျော်ရှိကာ သစ်မာ၊ စိန်၊ ရွှေ၊ ရေနံ၊ယူရေနီယံသတ္တုသိုက်များ အလျှံပယ်ကြွယ်ဝတဲ့ တိုင်းပြည်ဖြစ်တယ်။ ဒုတိယကမ္ဘာစစ်အပြီး သမ္မတလူမန်းဘားကိုသတ်ပြီး မိုဘူတူဆက်ဆီဆီကိုက အာဏာသိမ်းခဲ့တယ်။ မိုဘူတူကို ကဘီလာခေါင်းဆောင်သူပုန်ထခဲ့ရာမှ ၁၉၉၇ ခုနှစ်မှာ ကဘီလာအာဏာရလာခဲ့တယ်။ တစ်ဖန် ကဘီလာကို ဆန့်ကျင်တဲ့သူပုန်များပေါ်ခဲ့ပြီး ကဘီလာကို ဖြုတ်ချလိုသူသူပုန်များနှင့် ကဘီလာထောက်ခံသူများ စစ်မျက်နှာ၊ ကွန်ဂိုအရှေ့ပိုင်းရှိ လူမျိုးစု တိုင်းရင်းသားများနှင့် တွတ်စီလူမျိုးစုများ စစ်မျက်နှာ၊ ပြည်ပမှာ ကဘီလာဆန့်ကျင်ရေးသူပုန်ဘက်မှ ဝင်တိုက်ပေးတဲ့ ရဝမ်ဒါနဲ့ ယူဂန္ဒာတို့ကတစ်ဖက်၊ ကဘီလာဘက်ကဝင်တိုက်ပေးတဲ့ ဇင်ဘာဘွေ၊ အင်ဂိုလာနဲ့ နမီးဘီးယားတို့ပါဝင်တဲ့ စစ်မျက်နှာရယ်လို့ စစ်မျက်နှာသုံးခုမှာ တိုက်ခိုက်နေကြတယ်။

သမိုင်းသုတေသီတို့ရဲ့ အဆိုအရ ပြည်ပတပ်တွေအားလုံးဟာ ကွန်ဂိုနိုင်ငံမှ ရတနာသိုက်များကို အလုအယက်အပိုင်စီးရန်ဖြစ်တယ်။ ကိုလိုနီလက်အောက်ခံဘဝမှစကတည်းက ယခုလောက်ကြီးမားပြင်းထန်သည့်စစ်ပွဲတစ်ခါမျှမဖြစ်ခဲ့ကြောင်းနဲ့ ယခုအခါထိုဒေသမှာ(အာဖရိကတိုက်) သမိုင်းတွင် အကြီးကျယ်ဆုံးသော စစ်မြေပြင်ကြီးဖြစ်နေတဲ့အတွက် “အာဖရိကတိုက်၏ ပထမကမ္ဘာစစ်” လို့ခေါ်ရတဲ့ အနေအထားမှာရှိပြီး လူမျိုးချင်း သတ်ဖြတ်မှုတွေဟာလည်း ကမ္ဘာမှာစံတင်ရလောက်တဲ့ ရိုင်းစိုင်းရက်စက်မှုတွေဖြစ်နေတယ်။

မြန်မာနိုင်ငံမှ တိုင်းရင်းသားလူမျိုးစုတွေဟာ နှစ်ပေါင်းထောင်ချီပြီး တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူ ပူအမျှနေခဲ့ကြပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲတွေမှာ လက်ချင်းယှက်ပြီး သွေးချင်းနှောကာ တိုက်ပွဲဝင်ခဲ့ကြတဲ့ ညီအစ်ကိုမောင်နှမတွေဖြစ်တယ်။ ဘာသာအယူဝါဒအရ ရန်ဘက်ဖြစ်လောက်စရာ အကြောင်းမရှိပါ။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာဟာ ကိုးကွယ်ရာ ဘာသာမဟုတ်ဘဲ ကျင့်ကြံရာ တရားဖြစ်ပြီး လူကျင့်တရားအရ မေတ္တာ၊ ကရုဏာ၊မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလဆိုတဲ့ လူကျင့်တရားတွေအရယေဘုယျအားဖြင့် ရက်စက်ရိုင်းစိုင်းကြမ်းကြုတ်မှု မရှိသော ဘာသာတရားဖြစ်ပါတယ်။

တစ်စုံတစ်ခုသော အခြေအနေမှာ တစ်ခဏတာမျှ နယ်ချဲ့သြဇာဝင်ပြီး အချင်းချင်းပဋိပက္ခဖြစ်ခဲ့သော်လည်း ယနေ့ကာလမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၈ဖွဲ့မှာ ၁၇ဖွဲ့ဟာ လက်တွေ့ဘဝပေး သင်ခန်းစာဖြင့် အမြင်မှန်ရခဲ့ကြပြီဖြစ်လို့ ဥပဒေဘောင်တွင်းဝင်ရောက်ခဲ့ကြပြီး နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေကို အစိုးရနဲ့လက်တွဲညီညီ ပူးပေါင်းလုပ်ဆောင်နေကြကာ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် မပါမပြီး၊ မရှိမဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေး အမျိုးသားညီလာခံကိုပင် မျက်နှာစုံညီ ပါဝင်တက်ရောက်ဆွေးနွေးနေကြပြီဖြစ်တဲ့ ကာလဖြစ်ပါတယ်။ကျန်နေသေးတဲ့အစုဟာလည်း ပြန်လည်ညီညွတ်ရေး အတွက် တွေ့ဆုံဆွေးနွေးရေးတွေရှိခဲ့သော်လည်း နယ်ချဲ့လက်သစ်တွေရဲ့ ပယောဂနဲ့ ဟန့်တားနှောင့်ယှက်နေမှုတွေကြောင့် ကြန့်ကြာနေရတာဖြစ်ပါတယ်။

ဒီလိုနှိုင်းယှဉ်လို့မရစကောင်းပါလျက်၊ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့အပြစ် ဆန့်ကျင်ခြားနားပါလျက် အကောင်းကို အဆိုးလုပ်၊ အကျိုးကို အပြစ်လုပ် ပြောင်းပြန်လှန်ပြီး မြန်မာနိုင်ငံရဲ့ အခြေအနေဟာ အာဖရိကမှာဖြစ်နေတဲ့ လူမျိုးရေးနဲ့စားကျက်လုစစ်ပွဲ အနေအထားထက် ပိုဆိုးနေတယ်လို့ပြောဆိုလိုက်တာဟာ အဲဒီလုပ်ရပ်မျိုးကိုယောင်လို့တောင်မတွေးမိကြတဲ့ မြန်မာနိုင်ငံ တပ်မတော်အစိုးရထက် လူကြီးမင်းတို့ရဲ့ ဂုဏ်သိက္ခာကိုသာ ကျဆင်းသွားစေပါတယ်။

တစ်စုံတစ်ခုသော အခြေအနေမှာ တစ်ခဏတာမျှ နယ်ချဲ့သြဇာဝင်ပြီး အချင်းချင်းပဋိပက္ခ ဖြစ်ခဲ့သော်လည်း ယနေ့ကာလမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၈ ဖွဲ့မှာ ၁၇ ဖွဲ့ဟာ လက်တွေ့ဘဝပေး သင်ခန်းစာဖြင့် အမြင်မှန်ရခဲ့ကြပြီဖြစ်လို့ ဥပဒေဘောင်တွင်းဝင်ရောက် ခဲ့ကြပြီး နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေကို အစိုးရနဲ့လက်တွဲညီညီ ပူးပေါင်းလုပ်ဆောင် နေကြကာ အနာဂတ် နိုင်ငံတော် တည်ဆောက်ရေးအတွက် မပါမပြီး၊ မရှိမဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေး အမျိုးသားညီလာခံကိုပင် မျက်နှာစုံညီ ပါဝင် တက်ရောက်ဆွေးနွေးနေကြပြီဖြစ်တဲ့ ကာလဖြစ်ပါတယ်။ ကျန်နေသေးတဲ့အစုဟာလည်း ပြန်လည်ညီညွတ်ရေး အတွက် တွေ့ဆုံဆွေးနွေးရေးတွေရှိခဲ့သော်လည်း နယ်ချဲ့လက်သစ် တွေရဲ့ ပယောဂနဲ့ ဟန့်တားနှောင့်ယှက်နေမှုတွေကြောင့် ကြန့်ကြာနေရတာဖြစ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➡

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဗြိတိန်သံအမတ်ကြီးနှင့် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရုံးမှ အကြီးအကဲတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး Ms. Victoria Jane Bowman နှင့် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရုံးမှ မြန်မာနိုင်ငံဌာနခွဲအကြီးအကဲ Mr. Michael Ryder တို့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံကြသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ ချမှတ်ထားသော အခြေခံမူများ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေများ၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင် လုပ်ဆောင်မှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့် ကျေးလက်ဒေသမီးလင်းရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေလူထုနှင့်ပူးပေါင်း၍ ဆောင်ရွက်နေမှုများကို Power Point ဖြင့် ရှင်းလင်းပြသသည်။ ယင်းနောက် Mr. Michael Ryder ၏ သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ (သတင်းစဉ်)

➥ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

လူ့အခွင့်အရေး ပြဿနာနဲ့ပတ်သက်ပြီး Licence to rape ဆိုပြီး ရှမ်းအမျိုးသမီးတွေ ရာနဲ့ချီပြီး နိုင်ငံရေးအဓိပ္ပာယ်နဲ့ စစ်တပ်က မတော်မတရား ကျူးလွန်စော်ကားပါတယ်ဆိုတာမျိုး၊ တိုင်းရင်းသားလူမျိုးစုတွေ သိန်းနဲ့ချီပြီး အသက်စည်းစိမ်အိုးအိမ်ဥစ္စာတွေ ဖျက်ဆီးခံနေရပါတယ် ဆိုတာမျိုးတွေလို ပုံကြီးချဲ့ ပုတ်ခတ်စွပ်စွဲတာတွေသာ အမှန်တကယ် ဟုတ်မယ်ဆိုရင် ဒီလောက်နာကြည်းမုန်းတီး အခဲမကျေစရာတွေ ကျူးလွန်ထားတဲ့ အစိုးရမျိုးနဲ့ တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့တွေ အမျိုးသားစည်းလုံးညီညွတ်ရေးပြန်လည် တည်ဆောက်၍ ရနိုင်စရာအကြောင်းရှိပါ့မလား။ ဒီလိုအစိုးရမျိုးအောက်မှာ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးကိုရော တည်ဆောက်၍ ရနိုင်ပါ့မလား။ SSA-S (ရွက်ဆစ်အဖွဲ့) သောင်းကျန်းသူလက်ကျန်တွေဟာ စစ်သားစုဆောင်းလို့မရတဲ့အတွက် တိုင်းရင်းသားလူငယ်တွေကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ပြီး စစ်သားစုဆောင်းရတဲ့ အခြေအနေမျိုးကော ဖြစ်စရာ အကြောင်း ရှိနေပါ့မလား။

ကျန်အချက်အလက်တွေနဲ့ပတ်သက်ပြီး ၂၉-၉-၂၀၀၅ရက်နေ့မှာ နိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက အကြမ်းဖျင်း တုံ့ပြန် ကန့်ကွက်ထားပြီး ဖြစ်လို့ စာရှည်သွားမှာစိုးတဲ့အတွက် ထပ်မပြောတော့ပါ။

တပ်မတော်အစိုးရဟာ နိုင်ငံတော်အာဏာကို ရယူပြီးကတည်းက ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ဆိုတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဒီမိုကရေစီကို ဖွင့်ပေးခဲ့တယ်။ ၁၉၉၀မှာ ရွေးကောက်ပွဲကျင်းပပေးပြီး ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပါဆိုပါလျက် ငြင်းဆန်ခဲ့ကြလို့ အစိုးရကိုယ်တိုင် ရှေ့ဆောင်စည်းရုံးပြီး အမျိုးသား ညီလာခံကျင်းပပေးခဲ့တယ်။ အဲဒီမှာ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ လွတ်လပ်ရေး၊ တန်းတူရေး၊ တရားမျှတရေးဆိုတာကို အမျိုးသားညီလာခံ ဦးတည်ချက် (၆)ရပ်မှာ ဆွေးနွေးပြဋ္ဌာန်းကြဖို့ ထည့်သွင်းထားပါတယ်။ ဒါပေမယ့် ဒေါ်စုကြည်က အဲဒီအမျိုးသားညီလာခံကို အတုအယောင်ညီလာခံဖြစ်တယ်၊ ဦးအောင်ရွှေတို့ဟာ ညီလာခံစတင်ကျင်းပနေကတည်းက ပါဝင်တက်ရောက် ဆွေးနွေးနေတာ ကျွန်မနဲ့ စိတ်သဘောထားချင်းမတိုက်ဆိုင်ဘူး၊ တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေးကို ကျွန်မတို့ရွေးကြရမယ်လို့ပြောခဲ့ပြီး တွေ့ဆုံဆွေးနွေးရေး တောင်းဆိုချက်နဲ့ အမျိုးသားညီလာခံကို ဆန့်ကျင်ခဲ့လို့ ညီလာခံလုပ်ငန်းတွေ နှောင့်နှေးကြန့်ကြာခဲ့ရတယ်။

အဲဒီလို အလုံးစုံပျက်သုဉ်းရေး ဆိုတဲ့စကားလုံး သုံးလာတဲ့အထိ အပြုသဘောမဆောင်ခဲ့တဲ့ အကြောင်းရင်းတွေကတော့-

(၁) ၁၉၈၈ လူထုဆူပူအုံကြွမှုကြောင့် မင်းမဲ့တိုင်းပြည်အသွင်ရောက်သွားတဲ့ တိုင်းပြည်နဲ့ ပြည်သူတွေကို မင်းမဲ့ဝါဒဘေးမှ တပ်မတော်က ကယ်တင်ပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖွင့်ပေးခဲ့တယ်။ ဒါပေမယ့် ဒီလို ပြည်သူ့ဆန္ဒမှန်လည်းဖြစ်၊ ဒီမိုကရေစီရေး လုပ်ဆောင် ချက်လည်းဖြစ်တဲ့ တပ်မတော်အစိုးရရဲ့ လုပ်ဆောင်ချက်ကို ဒီမိုကရေစီရေး ချိုးနှိမ်ပြီး စစ်တပ်ကအာဏာသိမ်းမှု (စစ်အာဏာ)ရှင်စနစ် တည်ဆောက်မှုအဖြစ် ခံယူပြောဆိုနေခြင်း

(၂) တပ်မတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် သတ်မှတ်မှုအစွဲဟာ တပ်မတော်အစိုးရရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ဆောင်ချက်တွေကို စစ်အာဏာရှင်စနစ် တည်မြဲရေးလို့ တလွဲမြင်လာစေတယ်။ ဒီတော့ တပ်မတော်အစိုးရကို ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေးနဲ့ လူထုဆူပူအုံကြွမှုနဲ့ ဆန့်ကျင်ရေး နည်းလမ်းတွေကို ကျင့်သုံးလာတယ်။ ဒီလိုနဲ့ နိုင်ငံတကာမှစီးပွားရေး ပိတ်ဆို့အကျပ်ကိုင်မှုတွေနဲ့ လူထုဆူပူအုံကြွပေါက်ကွဲမှုတွေ ဖြစ်ပေါ်လာစေပြီး တပ်မတော်အစိုးရရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဒီမိုကရေစီဖော်ဆောင်မှုတွေကို ဆန့်ကျင်ကာ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေတဲ့၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ပျက်ပြားစေတဲ့၊ ဈေးကွက်စီးပွားရေးကို ဆန့်ကျင်တဲ့၊ ဒီမိုကရေစီဆန့်ကျင်တဲ့ မင်းမဲ့ဝါဒလုပ်ဆောင်ချက်တွေကို ဒီမိုကရေစီရေးအဖြစ် ခံယူလုပ်ဆောင်နေခြင်း။

(၃) အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ သဘောတရား အမှားနဲ့ ဒီမိုကရေစီစနစ်အတွက် လိုအပ်တဲ့ရုပ်အခြေခံတွေမရှိဘဲ၊ ရှိအောင် ထူထောင်ဖန်တီးစရာမလိုဘဲ တည်ဆဲတပ်မတော်အစိုးရ ပြုတ်ကျစေပြီး အနောက်တိုင်းအုပ်စုနိုင်ငံတွေက ကျင့်သုံးနေတဲ့ ဒီမိုကရေစီကျင့်ထုံးတွေကို ပုံတူကူး ကျင့်သုံး လိုက်ရုံဖြင့် ဒီမိုကရေစီနိုင်ငံဖြစ်နိုင်တယ်လို့ ခံယူနေခြင်း။

(၄) ဒီလိုအစိုးရဆန့်ကျင်ရေးဝါဒီတွေရဲ့ သဘောတရားနဲ့ လုပ်ဆောင်ချက် အမှားတွေကို အမှန်လုပ်ကာ တည်ဆဲတပ်မတော်အစိုးရရဲ့ စီးပွားရေးဒီမိုကရေစီဖြစ်တဲ့ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်ရေး လုပ်ဆောင်ချက်တွေ၊ နိုင်ငံရေး ဒီမိုကရေစီဖော်ဆောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် (ဒီမိုကရေစီဖော်ဆောင်ရေးလမ်းပြမြေပုံ) ဖော်ဆောင်မှုတွေကို မှားယွင်းတဲ့လုပ်ရပ်များဖြစ်သယောင် ဆန့်ကျင်ဆောင်ရွက်နေခြင်းတို့ပဲဖြစ်တယ်။ အဲဒီလုပ်ရပ်တွေဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးကို နှောင့်နှေးကြန့်ကြာစေပြီး ပါတီတစ်ခု၊ လူတစ်စု အာဏာရရေးအတွက် ကူညီထောက်ခံ အားပေးနေတဲ့ လုပ်ဆောင်ချက်တွေဖြစ်တယ်ဆိုတာ သိသာထင်ရှားလာပါတယ်။ (၁၇)နှစ်ကြာသည့်တိုင်အောင် အဲဒီလို ဒီမိုကရေစီဆန့်ကျင်ရေး ဝါဒီတွေဘက်က ပြည်သူတွေအနေနဲ့ ဘာအကူအညီမှမပေးခဲ့တာတွေကလည်း အမှန်နဲ့ အမှားကို ခွဲခြားနားလည်ကြောင်းသက်သေပြနေပါတယ်။

ဒါကြောင့် လူကြီးမင်းများရဲ့အစီရင်ခံစာဟာ ဖြစ်ရပ်မှန်တွေကို ပြောင်းပြန်လှန်ပြီး အမှားကိုအမှန်လုပ်ကာ အမှားဘက်က အမှန်ကို ဖိအားပေးနေတဲ့ ဒီမိုကရေစီဆန့်ကျင်ရေးလမ်းဟောင်းကြီးအတိုင်း နောက်ကလိုက် လျှောက်လှမ်းနေတဲ့ နောက်မြီးဆွဲလျှောက်လှမ်းမှုတစ်ခုသာ ဖြစ်နေပါတယ်။

ဒီနေ့ လူကြီးမင်းတို့ရဲ့ အစီရင်ခံစာကို အားကိုးပြု ထောက်ခံနေသူတွေဟာ မြန်မာပြည်သူလူထု လုံးဝမဟုတ်ဘဲ လက်တစ်ဆုပ်စာ လူတစ်စုသာ ဖြစ်နေပါတယ်။ အဲဒီလူတစ်စုဟာ တပ်မတော်အစိုးရရဲ့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို ဆန့်ကျင်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အာဏာရယူရေးအတွက် တည်ဆဲတပ်မတော်အစိုးရကို ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်နည်း၊ လက်နက်ကိုင် သူပုန်ထနည်း၊ အကြမ်းဖက်ဗုံးခွဲဆန့်ကျင်နည်း၊ စီးပွားရေးပိတ်ဆို့မှု နည်းတွေဖြင့် တိုင်းပြည်နှင့်ပြည်သူတွေ စီးပွားရေးချွတ်ခြုံကျစေကာ ပြည်တွင်းဆူပူအုံကြွမှုတွေဖြင့် အာဏာရရှိရေးကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေသူများသာ ဖြစ်တယ်။ သူတို့ဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး ပျက်ပြားစေမည့်၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး ပျက်ပြားစေမည့်၊ ဈေးကွက်စီးပွားရေးကျဆင်းစေပြီး ကုန်လုပ်စွမ်းအားစုတွေ ကျဆင်းစေမည့် နည်းပေါင်းစုံနဲ့ အာဏာရယူရေး ကြိုးပမ်းနေသူတစ်စုသာဖြစ်ပြီး အနောက်ဆရာကြီးများနဲ့ ပေါင်းပါများပြောသမျှ မျက်လုံးစုံမှိတ်ပြီး ခေါင်းညိတ်နေကြတာပဲ ဖြစ်တယ်။

ကျွန်တော်များ မြန်မာစကားပုံတစ်ခုမှာ **“လူမိုက်ချီးမွမ်း ဂုဏ်သာနွမ်း”** ၏ ဆိုတဲ့ ဆိုထုံးရှိပါကြောင်း အကြောင်းကြားလိုက်ရပါတယ်။ ။

ချီးကျူးလောက်ပါတယ်

❀ ဟာဗဲလ်နဲ့တူးတူး၊ နှစ်ယောက်ပူးပြီး
ချစ်တီးခေါင်းသန်းရှာ
တွေ့ပါတယ်ပြော
သန်းပေါတဲ့ခေါင်းတော့၊ ငဲ့စောင်းတောင်မကြည့်
မရှိတဲ့ခေါင်းပြောင်မှာ
သန်းကောင်တွေ တွေ့ထားသတဲ့
မှတ်သားလောက်စရာ၊ သူတို့ပညာ။

❀ သြော်...သူတို့နှစ်ဦး
ထူးထူးဆန်းဆန်း၊ မြင်နိုင်စွမ်းကြောင့်
ငြိမ်းချမ်းဆုတွေ၊ ရခဲ့လေသလား
စဉ်းစားစရာ၊ စဉ်းစားစရာ။ ။

(မြန်မာကိုအပြစ်ရှာနေသော ငြိမ်းချမ်းရေးဆုရှင်နှစ်ဦးသို့...)

မိလက္ခု

ကံ့ကော်မြိုင်သာသနာ့ရိပ်သာ ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် အောက်တိုဘာ ၁၀

သဃ်န်းကျွန်းမြို့နယ် ဧ/တောင်ရပ်ကွက်ရှိ ကံ့ကော်မြိုင် သာသနာ့ရိပ်သာ စာသင်တိုက်တွင် အောက်တိုဘာ ၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီ၌ (၁၅) ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ရာ ဓမ္မမိတ်ဆွေ ယောဂီသူတော်စင်များကိုယ်တိုင် ဆက်ကပ်လှူဒါန်းပြီး ရေစက်ချအနုမောဒနာတရား နာယူနိုင်ကြရန် ဝေယျာဝစ္စအဖွဲ့က စီစဉ်ထားသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုမင်္ဂလာလမ်းနေ ဒေါ်ဟန်မိသားစု(ရွှေဟန်ကဖီး)က ငွေကျပ် ၁၁၃၀၀၀ ကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပတရားစခန်းကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၈၂) နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်၌ ဝါပတရားစခန်းပွဲများကိုကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၂၀ရက်မှ ၂၉ရက်အထိ ဆရာတော်ဦးစိန္တိတာလင်္ကာရ၊ နိုဝင်ဘာ ၅ရက်မှ ၁၄ရက်အထိ ဆရာတော် ဦးပုညာနန္ဒ၊ ၂၀ရက်မှ ၂၉ရက်အထိ ထူးကြီးဆရာတော် ဦးဣန္ဒာဝုဓာဘိဝံသ၊ ဒီဇင်ဘာ ၅ရက်မှ ၁၄ရက်အထိ သန်လျင်ဆရာတော် ဦးဉာဏောဘာသ၊ ၂၀ရက်မှ ၂၉ရက်အထိ လေးထောင့်ကန်ဆရာတော် ဦးဩဘာသတို့က ဟောကြားကြမည်ဖြစ်၍ အသေးစိတ်သိရှိလိုပါက အဖွဲ့ချုပ် ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အောက်တိုဘာ ၈ ရက်ကကျင်းပသော မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေး အသင်း မေတ္တာရှင် ဆရာဝန်ကြီးများနှင့် စေတနာရှင်အလှူရှင်များအား ကျေးဇူးတင်ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး အသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့် ကျေးဇူးတင်စကားပြောကြားစဉ်။ (က-ပ)

လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်လျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ခိုလမ်စံပြကျေးရွာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဘက်စုံဖွံ့ဖြိုး

ရန်ကုန် အောက်တိုဘာ ၁၀

နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားစည်းလုံးညီညွတ်မှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုတို့ကို ဖော်ဆောင်လျက်ရှိပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ဟိုနောင်ကျေးရွာအုပ်စု ခိုလမ်စံပြ ကျေးရွာတွင် လွိုင်လင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှက စာအုပ်မျိုးစုံကို သုတစုံစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းတင့်ထံပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဒေသကြီး ၂၄ခုတို့ကို ချမှတ်လျက် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်အတွင်းရှိ ဖွံ့ဖြိုးရေး အထူးဒေသကြီးများနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက် ရှိသည်ဖြစ်ရာ ပညာရေး အဆင့်မြင့်တင်ရေး လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ဟိုနောင်ကျေးရွာအုပ်စု၊ ခိုလမ်စံပြကျေးရွာ၌ အခြေခံပညာအထက်တန်း ကျောင်းခွဲ၏ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နမ့်စန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ကျောင်းသူလေးများ၏ ကဗျာလွတ်အကများ၊ ဆရာဆရာမ၊ကျောင်းသူ ကျောင်းသားများ၊ ကျေးရွာပြည်သူလူထုနှင့် တာဝန်ရှိသူများ စုစုပေါင်းအင်အား ၁၅၀၀ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား မုခ်ဦးရှေ့၌ နမ့်စန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သိမ့်သိမ့်ယဉ်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးမောင်ငွေးတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေး

ယင်းနောက် ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းဆောင်သစ် ဆောက်လုပ်မှုအခြေအနေကို ရှင်းလင်းတင်ပြ၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်သည့် အထိမ်းအမှတ် အလံများကို ကျောင်းအကျိုးတော်ဆောင် ဦးမောင်ငွေးက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့ထံ ပေးအပ်သည်။ ထို့နောက် ခိုလမ်စံပြကျေးရွာ၏ ပြည်သူလူထုကိုယ်စား ဦးစိုင်းလုံက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ခိုလမ်စံပြကျေးရွာ၌ ယခင်က အခြေခံပညာ အလယ်တန်းကျောင်းတစ်ကျောင်းသာရှိခဲ့ပြီး ယခုအခါ အခြေခံပညာ အထက်တန်းကျောင်းခွဲတစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ ပညာရေးကဏ္ဍအနေဖြင့် နမ့်စန်မြို့နယ်၌ ယခင်က အခြေခံပညာကျောင်းပေါင်း ၃၄၉၂ ကျောင်းသာရှိခဲ့ပြီး ယခုအခါတွင် အခြေခံပညာ ကျောင်းပေါင်း ၄၆၇၆ကျောင်း၊ကျောင်းပေါင်း ၁၁၈၄ ကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

ခိုလမ်စံပြကျေးရွာတွင် အခြေခံပညာအထက်ကျောင်းခွဲ၏ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပခြင်းနှင့်အတူ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်၊ လွိုင်လင် ခုတင် ၂၀၀ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်နှင့် အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့သည် ခိုလမ်ကျေးရွာ၊ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေး ပညာပေးဟောပြောခြင်း၊ ခိုလမ်တိုက်နယ်ဆေးရုံတွင် တီဘီရောဂါရှင် ၂၂ ဦး၊ ငှက်ဖျားရောဂါရှင် ၃၅ ဦး၊ သွားနှင့်ခံတွင်းရောဂါရှင်သုံးဦး၊ ခွဲစိတ်လူနာ ၁၂ဦး၊ မျက်စိစမ်းသပ်သူ၁၇ဦး၊ မီးယပ်နှင့် သားဖွားရောဂါ ၁၀ ဦး၊ အရိုးရောဂါရှင် ၃၄ ဦး၊ အခြားရောဂါရှင် ၁၂ဦးတို့အား အခမဲ့ဆေးကုသပေးခြင်း၊ သက်ကြီးရွယ်အို စောင့်ရှောက်ခြင်း၊ ငါးနှစ်အောက်ကလေးတို့အား ကိုယ်အလေးချိန်ခြင်း၊ အာဟာရဖြည့်တင်းအားဆေးများ ပေးခြင်းနှင့် ဝမ်းဖီး အခြေခံပညာမူလတန်းကျောင်းတွင် ကလေးများအား အာဟာရ တိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

ကျန်းမာရေးဖွံ့ဖြိုးမှု

နမ့်စန်မြို့နယ်၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေသည် ယခုအခါ ၂၅ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံတစ်ရုံ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနလေးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၆ခုတို့ကို ဖွင့်လှစ်ထားပြီးဖြစ်သည်။ ခိုလမ်စံပြကျေးရွာတွင် ၁၆ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနတစ်ခုတို့ကို ဖွင့်လှစ်ပြီး ကျေးလက်ကျန်းမာရေးဌာနမှူး၊ သားဖွား ဆရာမများနှင့် ဝန်ထမ်းများထားရှိ၍ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးပညာပေးဟောပြောပွဲများ၊ သက်ကြီးရွယ်အို စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ယခင်ကထက် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်။

ခိုလမ်စံပြကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး သုတစုံစာကြည့်တိုက်ကို ၂၀၀၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး စာကြည့်တိုက်တွင် စာအုပ်များ လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းလုံကျော်နှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နန်းလောဝင်းနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှတို့က စာအုပ်မျိုးစုံ ၃၅၅အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ သုတစုံစာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းတင့်က လက်ခံသည်။ ယခုအခါ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်လျက်ရှိကြောင်းလည်း သိရှိရသည်။

ဆွေးနွေး

ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ခိုလမ်စံပြကျေးရွာ သီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာဒေသခံ တိုင်းရင်းသူများနှင့် စားပွဲဝိုင်း ၂၆ဝိုင်းဖြင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြကာ အမျိုးသမီးဘဝ မြင့်တင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှောင်ခိုကုန်ကူးမှုတားဆီးကာကွယ်ရေးတို့ကို ဆွေးနွေးကြသည်။

ခိုလမ်ကျေးရွာသည် ယခင်နှင့်မတူ ခေတ်မီ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံလျက်ရှိကြောင်း တွေ့မြင်ရသည်။ အဓိကသီးနှံဖြစ်သည့် စပါး၊ ပြောင်း၊ ပဲပုပ်၊ မြေပဲ၊ နှမ်းနှင့် ပဲစင်းငုံတို့ကို အများဆုံးစိုက်ပျိုးပြီး ကျွဲ၊ နွားနှင့် ဝက်တို့ကို စီးပွားဖြစ်မွေးမြူကြောင်းကိုလည်း တွေ့ရှိရသည်။

နမ့်စန်မြို့နယ်တွင် ယခင်က စိုက်ပျိုးမြေ ၄၀၅၄၁ဧကသာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ၅၃၄၃၁ဧကအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။ ယခင်က စပါးစိုက်ဧက ၁၉၈၂၀ဖြစ်ပြီး ယခုအခါ စပါးစိုက်ဧက ၄၀၉၀၀အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သဖြင့် နမ့်စန်မြို့နယ်ရှိ လူဦးရေ ၈၂၁၃၆ဦးတို့အတွက် ဆန်ဖူလုံမှု ရာခိုင်နှုန်း ၁၄၇ ဒသမ ၁၅ ဖြစ်၍ ဒေသဝမ်းစာဖူလုံပြီး ပိုလျှံသောမြို့နယ်တစ်ခုဖြစ်သည်။

ထို့အပြင် ပြောင်း ၁၄၈၄၈ ဧက၊ မြေပဲ ၃၇၈ဧက၊ ပန်းနှမ်း ၆၇၉၇ ဧက၊ နေကြာ ၁၂၅ ဧက၊ ကြက်သွန်ဖြူ

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ဟိုနောင်ကျေးရွာအုပ်စု ခိုလမ်စံပြကျေးရွာတွင် အထူးကုဆရာဝန်များက ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးနေစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ဟိုနောင်ကျေးရွာအုပ်စု ခိုလမ်စံပြကျေးရွာတွင် တောင်ကြီး-ကျိုင်းတုံသို့သွားသည့် ကုန်တင်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

၁၆၅ ဧက၊ ပဲပုပ် ၂၂၈၈ ဧက၊ ဂျုံ ၁၃၇ ဧက၊ ဟင်းသီးဟင်းရွက် ဧက ၅၇၀၊ နှစ်ရှည်သီးနှံများ ဖြစ်သော ငှက်ပျောဧက ၆၅၀၊ သရက် ၂၁ဧက၊ နာနတ် ၂၄၅ဧက၊ လိမ္မော် ၆၁ဧက၊ တညင်း ၁၇ဧကနှင့် ကြံ ၂၂၃ ဧက တို့ကို စိုက်ပျိုးနိုင်သည့် မြို့နယ် ဖြစ်သည်။

ခိုလမ် ကျေးရွာအနေဖြင့် စပါး ဧက ၁၂၀၅၀၊ ပြောင်း ၄၇၃၈ဧက၊ ဆီထွက်သီးနှံဧက ၁၂၂၀ နှင့် နှစ်ရှည် သီးနှံဖြစ်သည့် လိမ္မော်၅၄ဧက စိုက်ပျိုး နိုင်ပြီး ပြည်သူလူထုအနေဖြင့် မိမိတို့ ဒေသထွက်ကုန်များကို ဒေသအနှံ့ တင်ပို့ရောင်းချနိုင်ပြီး စီးပွားရေး ကောင်းမွန်သော ကျေးရွာတစ်ရွာ ဖြစ်သည်။

ကျေးရွာ သစ်တောသစ်ပင် ထိန်း သိမ်းရေးအတွက် ခိုလမ်-ကျိုင်း တောင်းသွား လမ်းဘေးတွင် ထင်းစိုက် ခင်း ၂၁ဧကကို ကျေးရွာပြည်သူများ က စိုက်ပျိုးထိန်းသိမ်း ဆောင်ရွက် လျက်ရှိပြီး ယခုနှစ်တွင် နမ့်စန်မြို့နယ် အနေဖြင့် သစ်ပင်ပေါင်း ၅၈၀၀၀ကို ပျိုးထောင်စိုက်ပျိုးခဲ့သည်။

ခိုလမ်ကျေးရွာ အပါအဝင် ဟိုနောင်ကျေးရွာအုပ်စုတွင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများဖြစ်သော နွား အကောင် ၅၃၀၊ ကျွဲ ၃၇၅ကောင်၊ ဝက် ၃၄၂ကောင်နှင့် ကြက်အကောင် ၅၅၀တို့ကို မွေးမြူထားရှိကြောင်းကို တွေ့ရှိရသည်။

စိုက်ပျိုးရေရရှိရေးအတွက် ဆည် များ တည်ဆောက်ပေးလျက်ရှိရာတွင် နမ့်စန်မြို့နယ်၌ မကြာမီ ဖွင့်လှစ်တော့ မည့် ဝမ်ပုံဆည်အပါအဝင် ဆည် ပေါင်း လေးခုကို တည်ဆောက်ထား ပြီးဖြစ်သည့်အပြင် ခိုလမ် ကျေးရွာ တွင် ဆည်ရေသောက် စိုက်ပျိုးမြေ ဧက ၅၀၀ကို အကျိုးပြုနိုင်မည့် နောင် ကျွိုင်းဆည်ကိုလည်း တည်ဆောက် ထားပြီးဖြစ်သည်။

နမ့်စန်မြို့နယ်တွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ဖွဲ့ ၅၀နှင့် ဖွဲ့ ၆၅ထွန်စက် များဖြင့် လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ထွန်ယက်ရေးကို ဆောင်ရွက်ပေးလျက်ရှိရာ တစ်နှစ် လျှင် ဧက ၂၅၀၀၀ခန့်ကို ထွန်ယက် ပေးလျက်ရှိပြီး စိုက်ဧက၏ ၅၀ရာခိုင် နှုန်းခန့်ကို ထွန်ယက်ပေးနိုင်ခဲ့သည်။ နမ့်စန်မြို့နယ် စက်မှုလယ်ယာဦးစီး ဌာနက နှစ်စဉ် လယ်ယာ ၁၆ လက် တွန်းထွန်စက်များကို တစ်နှစ်လျှင် အစီး ၃၀ခန့် ရောင်းချပေးနိုင်ခဲ့သည်။

ခိုလမ်ကျေးရွာ၌ ရေတွင်း ပေါင်း ၃၉၁တွင်း ရှိသည့်အတွက် ကျေးရွာနေ လူထုအနေဖြင့် သန့်ရှင်း သော သောက်သုံးရေ ရရှိလျက်ရှိ သည်။

ခိုလမ်ကျေးရွာတွင် မြင်းကောင်ရေ အနည်းဆုံး ၁၂ကောင်မှ အများဆုံး ၂၅ကောင်အထိရှိ မီးစက်ပေါင်း ၁၂လုံးဖြင့် ကျေးရွာလမ်းနှင့်အိမ်တို့၌ လျှပ်စစ်မီး အသုံးပြုလျက်ရှိသည်။ ထို့အပြင် လျှပ်စစ်မီးရှိသဖြင့် နေအိမ် များ၌ ရုပ်မြင်သံကြားစက်ပေါင်း ၅၅လုံးနှင့် ဂြိုဟ်တုဆက်သွယ်ရေး စလောင်းများ တပ်ဆင်အသုံးပြု၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီ ရုပ်မြင်သံကြားအစီအစဉ်များ၊ဂြိုဟ်တု ဆက်သွယ်ရေး စလောင်းအစီအစဉ် များကို ဖမ်းယူကြည့်ရှုနေကြသည်ကို တွေ့ရှိရသည်။

ခိုလမ် စံပြကျေးရွာသည် တောင် ကြီး-ကျိုင်းတုံသွား ပြည်ထောင်စု လမ်းမကြီးပေါ်၌ရှိပြီး ယခင်က နယ်မြေဒေသ အေးချမ်းမှုမရှိသည့် အပြင် ကျောက်ကြမ်းလမ်းများသာ ရှိခဲ့သဖြင့် တောင်ကြီး-ကျိုင်းတုံ ခရီး သည်ယာဉ်နှင့် ကုန်စည်ပို့ဆောင် သည့်ယာဉ်များ သွားလာရန် ခက်ခဲ ကြန့်ကြာခဲ့ရသည်။ ယခုအခါ လမ်းပန်းဆက်သွယ်ရေးတွင် လုံခြုံမှု ကောင်းမွန်ခြင်း၊ လမ်းခရီးချောမွေ့ ခြင်းတို့ကြောင့် တောင်ကြီး-ကျိုင်းတုံ ခရီးကို နေ့ချင်းပေါက် သွားလာနိုင်ပြီ ဖြစ်သည်။ ထို့ကြောင့် ကားကြီး ကားငယ်များဖြင့် နေ့ညမပြတ် ခရီး သွားလာနိုင်ပြီး ခိုလမ်စံပြကျေးရွာ သည် ယာဉ်ရပ်နားစခန်းဖြစ်လျက် တည်းခိုခန်း၊ စားသောက်ဆိုင်တို့ဖြင့် စည်ကားလျက်ရှိသည်။

မြို့ချင်းဆက် လမ်းများအဖြစ် ခိုလမ်မှ ကျိုင်းတောင်းသို့ ၄၁မိုင်၊ ခိုလမ်မှ ဝမ်ဆင်းသို့ ၂၂မိုင်၊ ကတ္တရာ လမ်းများ ဖောက်လုပ်ဆက်သွယ်ထား ရှိပြီး ခိုလမ်စံပြကျေးရွာသည် နမ့်စန် မြို့နယ်မှ ၃၁မိုင်၊ ခိုလမ်မှ ကွန်ဟိန်း မြို့နယ်သို့ ၃၆မိုင် ကတ္တရာလမ်းများ ဖောက်လုပ် ဆက်သွယ်ထားရှိကာ လမ်းပန်းဆက်သွယ်ရေးတွင် အချက် အချာကျသည့် ကျေးရွာကြီးတစ်ရွာ ဖြစ်နေသည်။

ခိုလမ်စံပြကျေးရွာတွင် ဆန်စက်၊ ဆီစက်၊ ပဲကြိတ်စက်၊ ဘလောက် အုတ်စက်နှင့် တွင်ခုံများတည်ဆောက် လုပ်ကိုင်လျက်ရှိသဖြင့် စက်မှုလက်မှု လုပ်ငန်းများလည်း တိုးတက်လာ ကြောင်း တွေ့ရှိရပြီး အော်တိုတယ်လီ ဖုန်းများရှိ၍ စာတိုက်တစ်ခုလည်း ဖွင့်လှစ်ထားရှိခြင်းကြောင့် ဒေသ အားလုံးသို့ အချိန်မရွေး ဆက်သွယ် နိုင်ပြီဖြစ်သည်။

ခိုလမ်စံပြကျေးရွာတွင် လူမှုရေး အသင်းအဖွဲ့ဝင်အင်အား ၁၀၀၀ ကျော် ရှိသဖြင့် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်း များ အောင်မြင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ ကျေးလက် ဒေသများနှင့် မြို့ပြများကွာဟမှု မရှိ စေရေးအတွက် စစ်မှန်ဖြူစင်သော စေတနာဖြင့်ဆောင်ရွက်ပေးမှု၊ ဒေသခံ လူမှုရေး အသင်းအဖွဲ့ဝင်များ၏ ပူးပေါင်း စွမ်းဆောင်အားနှင့် ကျေးလက်ပြည်သူလူထု၏ ညီညွတ်မှု စွမ်းအားတို့ကြောင့် ခိုလမ်စံပြ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်လာနေမှုက သက်သေသာဓက ပေါ်လွင်ထင်ရှား လျက် ရှိနေပေသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

အောက် တိုဘာ ၁၀ ရက်က နိုင်ငံတော်ဝန် ကြီး ချုပ် ဗိုလ် ချုပ် ကြီး စိုးဝင်း မလေးရှား နိုင်ငံ နိုင် ငံ ခြား ရေး ဝန်ကြီး ဒါတွခ် ဆရီ ဆိုဒ် ဟာမစ် အယ်လ် ဘာ ဘင်ဆိုဒ် ဂျာဖာ အယ်လ်ဘာအား ရန်ကုန်မြို့ ကုန်း မြင့် သာ ရှိ ဧ ယျာ သီ ရိ ဗိမာန် ခန်းမ၌ ရင်း ရင်း နှီး နှီး နှုတ်ဆက်စဉ်။

(သတင်း- ကျော)
(သတင်းစဉ်)

ပြည်နယ်၊ တိုင်းအသီးသီးမှ ပြိုင်ပွဲဝင် အနုပညာရှင်များနှင့် အသင်းအုပ်ချုပ်သူများ ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၀

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ကြမည့် ပြည်နယ်၊ တိုင်းအသီးသီးမှ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင် အနုပညာရှင်များသည် အောက်တိုဘာ ၉ရက် ညနေပိုင်း၊ ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့ အမှတ် (၁) စစ်ကြောရေးနှင့် တည်းခိုရေး စခန်း(ဘုရင့်နောင်)သို့ ရောက်ရှိလာ ကြသည်။

ကြိုဆို

အဆိုပါ ရောက်ရှိလာကြသည့် အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင် ကြမည့် ကချင်ပြည်နယ်မှ ၆၇ဦး၊ ကယားပြည်နယ်မှ ၆၄ဦး၊ ချင်း ပြည်နယ်မှ ၂၈ဦး၊ မွန်ပြည်နယ်မှ ၁၂၇ဦး၊ ရခိုင်ပြည်နယ်မှ ၉၂ဦး၊ ရှမ်းပြည်နယ်မှ ၆၈ဦး၊ စစ်ကိုင်းတိုင်းမှ ၂၁၂ဦး၊ တနင်္သာရီတိုင်း(မြိတ်/ ထားဝယ်)မှ ၆၃ဦး၊ မကွေးတိုင်းမှ ၁၂၆ဦး တို့အား တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကြိုဆို နေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူတို့က ကြိုဆိုကြပြီး တည်းခိုဆောင်များ၌ နေရာချထားပေး ကြသည်။ (သတင်းစဉ်)

ရောက်ရှိ

တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်မှ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင် အနုပညာရှင်များ ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်) သို့ ရောက်ရှိလာကြစဉ်။

(သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာ စေရန်။

ထားဝယ်အသင်း ဆွမ်းတော်ကြီး ကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၀

ထားဝယ်အသင်း၏ ဆွမ်းတော် ကြီး ကပ်လှူပူဇော်ပွဲကို အောက်တိုဘာ ၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီမှ ည ၇ နာရီအထိ ရန်ကုန်မြို့ လမ်း မတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ်(၈၂၈) ရှိ ထားဝယ်အသင်း တိုက်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက် ကြပါရန်နှင့် လှူဖွယ်ပစ္စည်းနှင့် အလှူ ငွေများကို အသင်းတိုက်သို့ လာရောက် လှူဒါန်းနိုင်ကြောင်းနှင့် ထားဝယ်ရိုးရာ အစားအသောက် တို့ဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရ သည်။ (က-ပ)

ရှင်ဥပဂုတ္တမထေရ် ရေမျှောပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၀

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရင်ပြင်တွင် (၂၂)ကြိမ် မြောက် ဆီမီး၊ ပန်း ၁၀၀၀ ပူဇော်ပွဲနှင့် (၁၄)ကြိမ်မြောက် နဂါးကိုးကောင် ဖောင်တော်ဖြင့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရေမျှောပူဇော်ပွဲကို ဆရာဦးအောင်သူ ကြီးမှူး၍ အောက်တိုဘာ ၁၅ ရက်မှ ၁၈ ရက်အထိ အပူဇော်ခံပြီး အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဗိုလ်တထောင်ဆိပ်ကမ်းမှ ရေမျှော ပူဇော်မည်ဖြစ်ပါ၍ လှူဒါန်းလိုသူများ အကျိုးတော်ဆောင် ဆရာမဒေါ်နုနုအောင် ဖုန်း-၂၉၂၈၉၄၊ ၂၉၁၆၄၅နှင့် ၂၉၂၆၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်းသိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၀-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၂၀ ၁။ **၂၀၀၅ခုနှစ်(၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလားအသက်(၂၁)နှစ် နှင့်အောက် တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(ဗိုလ်လုပွဲ)**
[ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း နှင့်တပ်မတော်(ရေ)အသင်း]
၅:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၅:၄၀ ၄။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၅ ၅။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"(အပိုင်း-၃၀)**
၆:၃၀ ၆။ ညနေခင်းသတင်း
၇:၀၀ ၇။ မိုးလေဝသအခြေအနေ
၇:၀၅ ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လှေကားထစ်လေးများ" (အပိုင်း-၄)**
၇:၃၅ ၉။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၇:၄၅ ၁၀။ ဝင်ငွေတိုးဖို့ချင်းစိုက်စို့
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်"(အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)**
၁၆။ နောက်တစ်နေ့အစီအစဉ်
၁၇။ အစီအစဉ်ပြီး၏။

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ အစည်းအဝေးတက်ရောက်

ရန်ကုန် အောက်တိုဘာ ၁၀

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ အောက်တိုဘာ ၃ရက်နှင့် ၄ရက်နေ့တို့တွင် ကျင်းပသည့် ဘင်းမ်စတက်(BIMSTEC) အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် စွမ်းအင်ဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ခဲ့သည်။

ဆွေးနွေး

အဆိုပါ အစည်းအဝေးသို့ ဘင်းမ်စတက် အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ စွမ်းအင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများနှင့် စွမ်းအင်ဝန်ကြီးများ တက်ရောက်ကြပြီး အဖွဲ့ဝင်နိုင်ငံများအတွင်း စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ်ဆွေးနွေးကြသည်။

အစည်းအဝေးပထမနေ့တွင် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအတွင်း စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ စွမ်းအင်ကဏ္ဍ ဦးဆောင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေစာတမ်းကို ဖတ်ကြားသည်။ ထို့နောက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး ကြေညာချက် (Declaration or First BIMSTEC Minister's conference) မူကြမ်းနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆောင်ရွက်ရမည့် အစီအစဉ် (Plan of Action for Energy Co-operation in BIMSTEC) မူကြမ်းတို့နှင့် ပတ်သက်၍ အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်ဆွေးနွေးညှိနှိုင်းသည်။

ရှင်းလင်းပြောကြား

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ ၄ရက်တွင် ကျင်းပသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားသည်။ ဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ် ဘင်းမ်စတက် စတင်ဖွဲ့စည်းစဉ်က တည်းကအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ကြောင်း၊ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွင် မြန်မာနိုင်ငံသည် ဦးဆောင်နိုင်ငံဖြစ်သည့် အားလျော်စွာ ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အဆင့်မြင့်အရာရှိကြီးများနှင့် ဝန်ကြီးအဆင့် အစည်းအဝေးများ ကျင်းပပြုလုပ်ပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပိုမိုရှာကြံနိုင်မည်ဖြစ်သကဲ့သို့ နောင်အနာဂတ် လုပ်ငန်းစဉ်များအတွင်းလည်း ခိုင်မာသည့် အစီအစဉ်များ ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီး၏ လုပ်ငန်းစဉ်များကိုလည်း မြန်မာနိုင်ငံအနေဖြင့် စိတ်အားထက်သန်စွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကြေညာချက်ထုတ်ပြန်

ဆက်လက်၍ အခြားအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက အသီးသီး မိန့်ခွန်းပြောကြားကြပြီး ဘင်းမ်စတက် စွမ်းအင်ဝန်ကြီးများ အစည်းအဝေး ကြေညာချက်ကို ထုတ်ပြန်ကြေညာသည်။ ထို့နောက်စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်ကို ဝန်ကြီးများက သဘောတူ ချမှတ်ကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လာရောက်တွေ့ဆုံ

အောက်တိုဘာ ၄ရက် မွန်းလွဲပိုင်းတွင် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန Secretary ဖြစ်သူ Mr. S. Tritaphi ဦးဆောင်သောအဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းရေးနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။ ယင်းနေ့ညနေပိုင်းတွင် ဝန်ကြီးအား အိန္ဒိယသမ္မတနိုင်ငံ Power Grid Corporation of India Ltd. မှလည်းကောင်း၊ National Thermal Power Corporation မှလည်းကောင်း၊ The Sum Group ကုမ္ပဏီမှ လည်းကောင်း၊ Esser Oil Ltd.နှင့် Adani Group ကုမ္ပဏီများမှလည်းကောင်း လာရောက်ဂါရဝပြုတွေ့ဆုံပြီး စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုဆွေးနွေးကြသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

အောက်တိုဘာ ၁၀ရက်က အိန္ဒိယသမ္မတနိုင်ငံတွင် ဖွင့်လှစ်မည့် Networking သင်တန်းသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သုတေသနအရာရှိ ဦးကျော်လွင်ဦး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ပုံနှိပ်ကျွမ်းကျင်(၂) ဦးဌေးလွင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာတည်းအဖွဲ့မှ စာပေလက်ထောက်(၂) ဒေါ်သီတာဆွေတို့ ရန်ကုန်မြို့မှ အိန္ဒိယသမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း ပြည်ပ ရတနာကုန်သည် ၂၀၁၀ ရောက်ရှိ

၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကြည့်ရှု လေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၃နိုင်ငံ၊ ကုမ္ပဏီ ၃၃၅ခုမှ ရတနာကုန်သည် ၁၂၁၅ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၂၇ခုမှ နိုင်ငံသား ရတနာကုန်သည် ၇၉၅ဦး စုစုပေါင်း ၂၀၁၀ ရောက်ရှိ၍ နောက်ဆုံးရောင်းချပေးမည့် ကျောက်စိမ်းအတွဲများကို ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာပြီးနောက် မိမိတို့ ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို မြန်မာ့ကျောက်မျက်ရတနာခန်းမ၊ ဈေးပြိုင်ခန်းမရှိ တင်ဒါပုံးများထဲသို့ ထည့်သွင်းကြသည်။

ကျောက်စိမ်း ၂၁၅၄ တွဲ

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံတော်နှင့် ရတနာတောင်တန်းကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ကျောက်စိမ်းတူးဖော်ထုတ်လုပ်လျက်ရှိသည့် ကချင်ပြည်နယ် ဖားကန့်မြို့ မက်လင်ချောင် အကျိုးတူ(၂)လုပ်ကွက်မှ ထွက်ရှိပြီး အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်းနှစ်လုံးတွဲ အလေးချိန် ၃၉၉ကီလိုရှိ အတွဲအမှတ် (၁၇၁၈)အပါအဝင် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၄တွဲကို အောက်တိုဘာ ၁၁၊၁၂၊၁၃၊၁၄ ရက်နေ့များတွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ရောင်းချပေးသွားမည်ဖြစ်သည်။

ရှေးဦးစွာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းတွဲများကို အောက်တိုဘာ ၁၁ရက် (ယနေ့)နံနက် ၈နာရီမှ စတင်၍ ရောင်းချပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မဟာမုနိရုပ်ပွားတော် သွန်းလုပ်ပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၀

ဗဟန်းမြို့နယ် ဦးထောင်ဗိုလမ်း ဥယျာဉ်ဝတီ သာသနာပြုကျောင်းတိုက် ဓမ္မာရုံသစ်၌ ကိန်းဝပ်စံပယ်မည့် မဟာမုနိ ရုပ်ပွားတော်တစ်ဆူကို ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်/မယ် တံမြက်လှည်းအသင်းမှ ကြီးမှူး၍ အဆိုပါ ကျောင်းတိုက်၌ အောက်တိုဘာ ၂၇ရက်မှ စတင်၍ သွန်းလောင်းပူဇော်မည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဦးဝရသာမိ ဥယျာဉ်ဝတီကျောင်း၊ ဖုန်း-၃၇၉၈၉၈၊ ဦးကျော်မောင် ဥက္ကဋ္ဌ ဖုန်း-၀၉-၅၀၁၁၃၈၄၊ ဦးမင်းဇော် စာရင်းစစ် ဖုန်း-၅၅၆၁၀၉၊ ဦးခင်မောင်သန်း ဘဏ္ဍာရေးမှူး ဖုန်း-၅၄၉၉၂၅ နှင့် ဦးမင်းနိုင် ပြန်ကြားရေးမှူး ဖုန်း-၆၆၁၁၄၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၈လမ်းနေ ဒေါ်ခင်လှိုင်မိသားစုက သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်း အမှတ်(၆၅)နေ ဦးစိုးသက်ဦး-ဒေါ်ခင်သပြေဝင်းမြင့်၊ သား မောင်ဘုန်းသက်ပိုင် မိသားစုက သန်လျင်မြို့ နာရီစင်အနီး ဇေယျာမင်္ဂလာ ပရိယတ္တိသာမဏေကျော်စာသင်တိုက်ရှိ သန်လျင်နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အသင်းနာယကနှင့် အလုပ်အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဒဂုံမြို့နယ် ပုံနှိပ်စက်ရုံခွဲနှင့် GTC ပုံနှိပ်စက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒဂုံမြို့နယ်ရှိ ပုံနှိပ်စက်ရုံခွဲနှင့် အင်းစိန်မြို့နယ်ရှိ GTC ပုံနှိပ်စက်ရုံတို့သို့ သွားရောက်၍ ပုံနှိပ်စက်လုပ်ငန်းသုံး စက်ပစ္စည်းများနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

မှာကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်အတူ ညနေ ၄ နာရီတွင် ဒဂုံမြို့နယ် ပဒုမ္မာလမ်းရှိ ပုံနှိပ်စက်ရုံခွဲသို့ရောက်ရှိရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်း၊ အကြံပေးပုဂ္ဂိုလ် ဒေါ်မြမြနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပုံနှိပ်စက်ရုံခွဲအတွင်း စက်များနှင့်ပတ်သက်၍ ဒုတိယအထွေထွေ မန်နေဂျာ ဦးကျော်သူက ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ်ရှိ GTC ပုံနှိပ်စက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး GTC ပုံနှိပ်စက်ရုံ အတွင်းရှိ Computer Graphic Design ခန်း၊ ဖိုတိုလစ်သိုခန်း၊ ဖလက်ခန်း၊ Compacta ပတ်လည်စက်၊ စာအုပ်ချုပ်စက်၊ မျဉ်းတားစက်နှင့် စာအုပ်ချုပ်လုပ်ငန်း အဆင့်ဆင့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျောင်းသုံးစာအုပ်များ အချိန်မီ ရိုက်နှိပ်ပြီးစီးရေး၊ အရည်အသွေးကောင်းမွန်ရေး၊ စက်များရေရှည်အသုံးခံအောင် ကိုင်တွယ်ရေး စသည်တို့ကို မှာကြားကာ ညနေ ၆ နာရီတွင် GTC ပုံနှိပ်စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း အင်းစိန်မြို့နယ်ရှိ GTC ပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅) ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သန်းဌေးသည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)သို့ တက်ရောက်သည်။

ရှေးဦးစွာ အသင်းဝင် ကျောင်းသား၊ ကျောင်းသူလေးများက ပြည်မြန်မာ သီချင်းနှင့် ရာသက်ပန် ပြည်ထောင်စု သီချင်းတို့ကို ဂုဏ်ပြုသီဆိုကြပြီး ဗဟို အလုပ်အမှုဆောင်က အမှာစကား ပြောကြားသည်။

ယင်းအစည်းအဝေးသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေးနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ တိုင်း/ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ခရိုင်အတွင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၇၆၀၈ စောင်ကို ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံသည်။

ထို့နောက် ၂၀၀၅ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများကို ပေးအပ်ပြီး စေတနာရှင်ပြည်သူများက လှူဒါန်းသော အလှူငွေများကို ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က လက်ခံကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျေးရွာ စာကြည့်တိုက်များတွင် အသုံးပြုရန် ရွှေနိုင်ငံ ဂျာနယ်နှင့် စိမ်းလဲ့ရွှေပြည် ဂျာနယ်များကို ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းပြီး အစည်းအဝေးပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အစည်းအဝေး ဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးတင်ပြခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ကြပြီး ကြွေးကြော်သံများဖြင့် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်သည် အောက်တိုဘာ ၈ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ သွားရောက်၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက အသင်း၏ စည်းရုံးရေး၊ စီးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က အသင်းရေရှည် ကြီးပွားတိုးတက်စေရေးအတွက် မတည်ပေးထားသော လုပ်ငန်းများ မပျောက်ပျက်အောင် ကြိုးစားထိန်းသိမ်း လုပ်ဆောင်ကြရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ဝိုင်းဝန်းအကောင်အထည်ဖော်ကြရန်တို့ကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် တဲကြီးကုန်းကျေးရွာ ဓမ္မာရုံသို့ သွားရောက်၍ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများ၊ အသင်းကြီး၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၀-၂၀၀၅ (အင်္ဂါနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀ အမျိုးသားပြတိုက် မြန်မာ အက္ခရာနှင့်လက်ရေးမှုပြခန်း
၇း၂၀ ပြည်တွင်းသတင်းအကျဉ်း
၇း၂၅ တေးဂီတအစီအစဉ်
၇း၃၀ (၂၃)ကြိမ်မြောက်အရှေ့တောင် အာရှ အားကစားအကြို အားကစားအဖွဲ့ချုပ်များ၏ ပြင်ဆင်မှုများ (ဘော့စ်ဘော)
၇း၅၀ တေးဂီတအစီအစဉ်
၇း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၀၀ အောင်မြေရွှေဘိုမြို့ (အပိုင်း-၂)
၈း၁၅ တေးဂီတအစီအစဉ်
၈း၂၀ မိုးလေဝသခန့်မှန်းချက်
၈း၂၅ Sunday Talk.
၉း၂၀ တေးဂီတအစီအစဉ်
၉း၂၅ မေးသမျှဖြေရအောင် (မင်းဟိန်း၊ ညွှန့်ဝင်း)
၉း၄၀ ပြည်တွင်းသတင်းအကျဉ်း
၉း၄၅ ဗွီစီဒီမိတ်ဆက် (တို့မဝေးဘူး)
၁၀း၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ပြည်ပသွင်းကုန်အစားထိုး သံသတ္တုစပ်နှင့်သံမဏိသွန်းထည် ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း အကြောင်းသိကောင်းစရာ
၁၀း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅ ကာယဗလလေ့ကျင့်နည်း (အပိုင်း-၁)
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲ စဉ်များ

ညပိုင်း အစီအစဉ်
၁၀း၃၀ Manchester City-Everton
လိုင်း 5-Cartoon s (Replay)
၁၂း၀၀ EPL Highlights
လိုင်း 5-Cartoon s (Replay)
၀၁း၀၀ EPL Goals
လိုင်း 5-Cartoon s (Replay)

Euro Qualifiers (Under-21) ဘောလုံး ပွဲစဉ်

ညပိုင်း အစီအစဉ်
၀၁း၃၀ England-Poland
လိုင်း 5-Cartoons (Live)

နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Mohammed Khairuzzamanသည် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်းနှင့်ဗိုလ်မှူးကြီးတင်ငွေ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ သစ်အချောထည်စက်ရုံများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့ နံနက်ပိုင်းတွင် ရွှေပြည်သာမြို့ စက်မှုဇုန်ရှိ ဒိုင်းမွန်းမာကျူရီ သစ်အချောထည် စက်ရုံ ရှင်းလင်းဆောင်သို့ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာ ဦးစိန်လွင်က လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဝင်းထွန်းနှင့် ဒုတိယအထွေထွေမန်နေဂျာဦးလွင်ဦးမောင်တို့ကဖြည့်စွက် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များကိုမှာကြားကာ ဆောင်ရွက်ပေးရန်ရှိသည်တို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် နိုင်ငံခြားသို့တင်ပို့မည့်သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် Khine Industries သို့ရောက်ရှိလာရာ စက်ရုံ၏ ရှင်းလင်းဆောင်၌ စက်ရုံ၏ ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်လေးထွဋ်နှင့် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ခိုင်တို့က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် လွှသွေးအလုပ်ရုံ၊ သစ်ခွဲစိတ်လည်ပတ်မှု အဆင့်ဆင့်နှင့် နိုင်ငံခြားသို့ တင်ပို့မည့် သစ်ခွဲသားများ၊ ပရိဘောဂပစ္စည်း အလုပ်ရုံအတွင်း ပရိဘောဂပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်မှု၊ တပ်ဆင်မှုနှင့် ပရိဘောဂပစ္စည်းများ နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပြည်ပရင်းနှီးမှု ရာနှုန်းပြည့်စက်ရုံဖြစ်သော Yangon Wood Industries Limited သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာ Mr. Hubest Letiess က ရှင်းလင်းဆောင်၌ စက်ရုံ၏လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးသည် သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ ပရိဘောဂပစ္စည်း အလုပ်ရုံအတွင်း ပရိဘောဂပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်မှု၊ တပ်ဆင်မှုနှင့် ပရိဘောဂပစ္စည်းများ နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်သာယာစက်မှုဇုန်ရှိ Khine Industries သစ်အချောထည် စက်ရုံအတွင်း ပရိဘောဂပစ္စည်းများ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၀-၁၀-၂၀၀၅)

အောင်လံ	၁ ဒသမ ၁၈ လက်မ
မကွေး	၀ ဒသမ ၆၃ လက်မ
ဟားခါးနှင့်အမ်း	၀ ဒသမ ၅၅ လက်မ
ပုသိမ်	၀ ဒသမ ၃၉ လက်မ
မုံရွာနှင့်ကော့သောင်း	၀ ဒသမ ၂၈ လက်မ

ကမ္ဘာ့ မျက်မမြင်ပပျောက်ရေးနေ့

World Sight Day

၂၀၀၅-ခုနှစ်၊ အောက်တိုဘာ (၁၃)ရက်
"အမြင်သန်စွမ်း ဒို့အခွင့်အလမ်း၊ ၂၀၂၀-အရောက်လှမ်း"

"Vision 2020-The Right to Sight Elimination of Avoidable Blindness"

ကျန်းမာရေးဝန်ကြီးဌာန

မရမ်းကုန်းမြို့နယ် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ မီးသတ် ဝတ်စုံများ လှူဒါန်းပွဲကို အောက်တိုဘာ ၉ရက်နံနက် ကစေတီတော်ရင်ပြင်ပေါ်ရှိ အောင်ဓမ္မာရုံကြီးတွင် ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့-အဖွဲ့ဝင် ဦးထွဏ်းရည်က အလှူရှင်များကိုယ်စား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစိုးသို့ ပေးအပ်စဉ်။ (၂၉)

လူမှုဝန်ထမ်းဦးစီးဌာန သုဝဏ္ဏမူကြိုကျောင်း၏ဉာဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၀ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ တစ်ဦးချင်း ကဗျာရွတ်ဆိုပြိုင်ပွဲဆုရရှိသူ မဟန်နဒီအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြစော ဆုချီးမြှင့်စဉ်။ (၃၂)

ရွှေမျက်ပါးသက်န်းလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၅)ရပ်ကွက် ပညာဝတီရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တ ပညာသိရီသည် အဓိဋ္ဌာန်ဓာတ်တော်ပေါင်း ၈၄၀၀၀ ဌာပနာပြီး တည်ထားကိုးကွယ်ခဲ့သော ဣန္ဒာသယ ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား ရွှေမျက်ပါးသက်န်း ကပ်လှူပူဇော်မည်ဖြစ်သောကြောင့်လှူဒါန်းလိုသူများ ၉"x၉" ပတ်လည် ရွှေတစ်ပြားလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် ဣန္ဒာသယ ဆုတောင်းပြည့်စေတီတော်တည်ရှိရာ ပညာဝတီရိပ်သာကျောင်းတိုက်သို့ လာရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၀

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီသမထ-ဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံကြီး)က အောက်တိုဘာ ၉ ရက်မှ စတင်၍ ၁၅ ရက်အထိ ညနေ၆နာရီခွဲမှ၈ နာရီအတွင်း ပုဇွန်တောင်မြို့နယ် ရေကျော်ဝတ်ကျောင်း စတုဒိသာ သံဃဒါနဆွမ်းလောင်းအသင်း ဓမ္မာရုံတွင် လည်းကောင်း၊ သီတင်းကျွတ် ခုနစ်ရက် တရားစခန်းကို အုံကြီးအရှေ့ရပ်ကွက်ရှိ ဓမ္မရသရိပ်သာတွင် အောက်တိုဘာ ၁၆ ရက် ညနေမှ ၂၄ ရက် နံနက်အထိ လည်းကောင်း ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၀-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူ့ဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -The Nature of Induction. (ပထမနှစ်-ဒဿနိကဗေဒ)**
- **၅:၂၅** ၉။ ပညာခေတ်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၂၆)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၃၂)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်အသင်း တတိယဆုရရှိ

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၅ ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ၏ တတိယလုပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး တတိယဆုကို ဆွတ်ခူးသွားသည်။

အောက်တိုဘာ ၁၁ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းနှင့် တပ်မတော် (ရေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမအကြိမ် အသက် (၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ချီးမြှင့်စဉ်။ (အား/ကာ)

အသက် (၁၈)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ ရန်ကုန်တိုင်း အမျိုးသား၊ အမျိုးသမီးအသင်းတို့ ဗိုလ်စွဲ

ရန်ကုန် အောက်တိုဘာ ၁၀

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသော ၂၀၀၅ ခုနှစ် ပထမအကြိမ် အသက် (၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂နာရီတွင် အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းက စစ်ကိုင်းတိုင်းကို ၆၂ မှတ်-၃၁မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ဒုတိယစစ်ကိုင်းတိုင်း၊ ပူးတွဲ တတိယ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့ ရရှိသွားသည်။

အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းက မန္တလေးတိုင်းကို ၆၁မှတ်-၃၉မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ဒုတိယမန္တလေးတိုင်း၊ ပူးတွဲ တတိယ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ ရရှိသွားသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရှိန်ဝင်းက အမျိုးသမီးပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆု ရရှိသော မန္တလေးတိုင်းနှင့် အမျိုးသားပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသော မွန်ပြည်နယ်တို့အား ဆုဖလားများကို ပေးအပ်ချီးမြှင့်ပြီး မွန်ပြည်နယ် ဘတ်စကက်ဘောဆပ်ကော်မတီသို့ ဘတ်စကက်ဘောဘုတ်တစ်စုံနှင့် ဘောလုံး ၁၀လုံး ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ဗဟိုလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစိန်မြင့်တို့က ပြိုင်ပွဲ၌ အကောင်းဆုံး အားကစားသမားဆု ရရှိကြသူတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပွဲ ကမ္ဘောဇအသင်းက တစ်ဂိုးတည်းဖြင့်အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက တပ်မတော်-ကြည်း (က)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကမ္ဘောဇအသင်း တစ်ဂိုး။
(ကျော်သီဟ)
တပ်မတော်-ကြည်း (က)အသင်း ဂိုးမရှိ။
ဒိုင်လူကြီး ဦးစိုးမိုးကျော်။

အနိုင်ရရှိရေး

နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် ကြိုးစား ကစားမှုကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ကမ္ဘောဇအသင်းက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အနိုင်ဂိုး

ပထမပိုင်း ၁၉မိနစ်တွင် ကျော်သီဟက ကမ္ဘောဇအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် ကမ္ဘောဇအသင်း ကစားကွက်ပျက်သွားပြီး တပ်မတော်-ကြည်း (က) ပြန်ဖိကစားလာနိုင်သော်လည်း ချေပဂိုးမရခဲ့ဘဲ ပွဲအပြီး၌ ကမ္ဘောဇအသင်းက တစ်ဂိုးတည်းဖြင့် အနိုင်ရသွားသည်။

ကမ္ဘောဇအသင်းသည် လေးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ခုနစ်မှတ်ဖြင့် အဆင့်(၇) နေရာတက်လာပြီး တပ်မတော်-ကြည်း (က) အသင်းမှာ လေးပွဲကစား၊ လေးပွဲရှုံး အမှတ်မရသေးပေ။ (ကြေးမုံ)



ကမ္ဘောဇ အသင်း တိုက်စစ်မှူး ထွန်းမင်းဦး(နံပါတ်-၉)က တပ်မတော်-ကြည်း(က)နောက်ခံလူ ကာကွယ်နေသည့်ကြားမှ ဂိုးသွင်းရန် ကြိုးပမ်းစဉ်။ (ကြေးမုံ)

အင်္ဂလန်က ဩစတြီးယားကို ပင်နယ်တီဂိုးဖြင့်နိုင် အင်္ဂလန်အသင်းခေါင်းဆောင်ဘက်ဟမ်း အထုတ်ခံရ

မန်ချက်စတာ(အင်္ဂလန်) အောက်တိုဘာ ၁၀

အင်္ဂလန်ဘောလုံးအသင်းနှင့် ဩစတြီးယားအသင်းတို့ အောက်တိုဘာ ၈ရက်က ကမ္ဘာ့ဖလားခြေစစ်ပွဲကစားရာတွင် အင်္ဂလန်အသင်းက ပိုင်နယ်တီဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ထိုပွဲတွင် အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းမှာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။

၁၉၉၈ခုနှစ်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်နှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲ၌လည်း ဒေးဗစ်ဘက်ဟမ်းသည် အနီကတ်ဖြင့် အထုတ်ခံခဲ့ရသေးသည်။ ယခုတစ်ကြိမ်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စု (၆) ကစားနေစဉ် ဘက်ဟမ်းက ဩစတြီးယားအသင်းမှ အင်ဒရီရပ်စ်အိုင်ဘတ်စ်ဘာဂျာအား နှစ်မိနစ်အတွင်း ပြစ်ဒဏ်နှစ်ကြိမ် ကျူးလွန်ခဲ့မှုကြောင့် ကွင်းလယ်ဒိုင်လူကြီးက အနီကတ်ပြကာ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ပထမအကြိမ် အဝါကတ်အပြခံရစဉ်ကပင် ထိုပြစ်ဒဏ်ကြောင့် လာမည့်ဗုဒ္ဓဟူးနေ့တွင်ကစားမည့် ပိုလန်အသင်းနှင့်ပွဲတွင် ပါဝင်ကစားခွင့်မရဘဲ ပွဲပယ်ခံရနေပြီဖြစ်သည်။ ၎င်းသည် အင်္ဂလိပ်ဘောလုံးသမားများအနက် နှစ်ကြိမ်ထုတ်ပယ်ခံရသည့် ပထမဦးဆုံး ဘောလုံးသမားလည်းဖြစ်လာသည်။

အိုင်ဘတ်စ်ဘာဂျာနှင့် ဘက်ဟမ်းတို့ ဘောလုံးယှဉ်ပြိုင်လုကြစဉ် ဘက်ဟမ်းက တံတောင်ဖြင့်တိုက်သည်ဟူသော ပြစ်ချက်ဖြင့် ပထမအဝါကတ် အပြခံခဲ့ရခြင်းဖြစ်သည်။ ဒုတိယပြစ်ဒဏ်အပေးခံရသောကိစ္စတွင် အိုင်ဘတ်စ်ဘာဂျာက ဘက်ဟမ်းကိုဝင်တိုးခြင်းဖြစ်ကြောင်း ဗီဒီယိုရိုက်ချက်များကို ပြန်ကြည့်ရာ၌ တွေ့ရှိရသည်ဟု ဆိုသည်။ ထိုအချက်ကို ဩစတြီးယား အားကစားသမားကမဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။

"မိမိအထုတ်ခံရသည့်ကိစ္စမှာ မမှန်ကန်ဟုထင်ကြောင်း၊ ပထမ အဝါကတ်ပြသည့်ကိစ္စမှာ ပြင်းထန်သည်ဟု မိမိယူဆကြောင်း၊ ဒုတိယအဝါကတ်ပြသည့် အပြစ်ဒဏ်မှာ ပို၍ပင် ပြင်းထန်ကြောင်း" ဘက်ဟမ်းက ပြောကြားခဲ့သည်။

ဘက်ဟမ်းကို ပြစ်ဒဏ်ပေးခဲ့သော ကွင်းလယ်ဒိုင်လူကြီးမှာ စပိန်လူမျိုး လူးဝစ်မီဒီနာကင်ဘာလီကျို့ဖြစ်သည်။ ရီးယဲမက်ဒရစ်နှင့် ကစားစဉ်ကလည်း အဆိုပါ ဒိုင်လူကြီးကပင် ဘက်ဟမ်းကို ပြစ်ဒဏ်ပေးခဲ့ကြောင်းသိရသည်။

"ဩစတြီးယားနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် မိမိတို့အသင်း ၁၀ယောက်ဖြင့်သာ ဆက်၍ကစားခဲ့ရသော်လည်း အသင်း၏အင်အားကို အသေအချာပြနိုင်ခဲ့ပြီး နောက်ဆုံးမှာ ရည်မှန်းချက်ကိုရောက်ခဲ့ကြောင်း၊ မိမိတို့အသင်းအတွက် လိုအပ်သည့်သုံးမှတ်ကို ရရှိခဲ့ပါကြောင်း" ဘက်ဟမ်းက ပြောကြားခဲ့သည်။

ယခုပြစ်ဒဏ်ပေးခံရသည့်ကိစ္စကို ပြင်ဆင်ပေးရန် အယူခံဝင်သင့်ပါသလားဟု မေးမြန်းခဲ့ရာ ဘက်ဟမ်းက "မိမိအယူအဆကို ပြောရမည်ဆိုလျှင် အယူခံဝင်သင့်သည်ဟု ထင်မြင်ကြောင်း" ဖြေကြားသည်။ ***အမ်အင်အေ၊ရိုက်တာ***

(ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု(၆)တွင် အင်္ဂလန်အသင်းသည် နယ်သာလန်အသင်းနှင့်အတူ ခြေစစ်ပွဲအောင်သွားပြီဖြစ်သည်။ အောက်တိုဘာ ၁၂ရက်တွင် အင်္ဂလန်အသင်းနှင့် ပိုလန်အသင်းတို့ အင်္ဂလန်တွင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။) (စာတည်း)

အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်းနှင့် ဩစတြီးယားအသင်းမှ အိုင်ဘတ်ဘာဂျာတို့ ဘောလုံးယှဉ်ပြိုင်လုကြပြီးနောက် ဘက်ဟမ်း အနီကတ်ဖြင့် အထုတ်ခံခဲ့ရစဉ်။

မြန်မာနိုင်ငံတောင်ပိုင်းတွင် မိုးထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၁၀

လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၁၂း၃၀နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ တနင်္သာရီတိုင်းတွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

လှူဒါန်း

စမ်းချောင်းမြို့နယ် ရွှေငါးခြံ သပြေလမ်းနေ ဦးပုလဲမောင်-ဒေါ်မူမူခင် မိသားစုက မင်္ဂလာနှစ်ပတ်လည်အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်) ပထမအကြိမ် ကထိန်သင်္ကန်း ကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၀

မိုးကောင်းအသင်း(ရန်ကုန်)၏ ပထမအကြိမ် ကထိန်သင်္ကန်းကပ်လှူပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် (စနေနေ့) နံနက် ၉နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ကျောက်စိမ်းတွင်းမွှာရုံတွင် ကျင်းပမည်ဖြစ်ရာ မိုးကောင်းအသင်း (ရန်ကုန်)၏ နာယက ဆရာတော် ကိုးပါးကို နေ့ဆွမ်းဆက်ကပ်ပြီး ဧည့်ပရိသတ်များအား ပဲထမင်းဖြင့် ဧည့်ခံပါမည်။ ကထိန်သင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းလိုသော အသင်းသူ၊ အသင်းသားများ၊ စေတနာရှင် အလှူရှင်များအနေဖြင့် ဖုန်း-၇၂၄၇၂၃၊ ၂၉၆၇၂၉၊ ၅၃၉၂၈၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဒုတိယပိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၅ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော မြေငလျင်ဒဏ်ကြောင့် အိန္ဒိယသမ္မတနိုင်ငံ၌ လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ဘိုင်ရွန်ဆင်းရှေခါဝပ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၅ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော မြေငလျင်ဒဏ်ကြောင့် အိန္ဒိယသမ္မတနိုင်ငံ၌ လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်းဆင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပါကစ္စတန်ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော မြေငလျင်ဒဏ်ကြောင့် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၌ လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံမှ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှောကတ်အဇစ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် ရေမြေ ရာသီဥတု ကောင်းမွန်သော အခြေခံကောင်းများရှိသဖြင့် စိုက်ပျိုးမွေးမြူရေး အထူးဇုန်များကို တည်ထောင်လုပ်ကိုင်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်သည်။
(ခေါင်းကြီး) (စာမျက်နှာ–၂)

* ဒါကြောင့် လူကြီးမင်းများရဲ့ အစီရင်ခံစာဟာ ဖြစ်ရပ်မှန်တွေကို ပြောင်းပြန်လှန်ပြီး အမှားကို အမှန်လုပ်ကာ အမှားဘက်က အမှန်ကို ဖိအားပေးနေတဲ့ ဒီမိုကရေစီဆန့်ကျင်ရေး လမ်းဟောင်းကြီးအတိုင်း နောက်ကလိုက်လျှောက်လှမ်းနေတဲ့ နောက်မြီးဆွဲလျှောက်လှမ်းမှုတစ်ခုသာ ဖြစ်နေပါတယ်။
မောင်ညတြ၏ ***“မစ္စတာ ဗာကလပ်ဟာဗဲလ်နှင့် ဘုန်းတော်ကြီး ဒက်စမွန်တူးတူးသို့ အိတ်ဖွင့်ပေးစာ”***
(ဆောင်းပါး) (စာမျက်နှာ–၆)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့၌ရောက်ရှိနေသော မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတွခ် ဆရီ ဆိုဒ် ဟာမစ် အယ်လ်ဘာ ဘင် ဆိုဒ် ဂျာဖာ အယ်လ်ဘာနှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ ရီဇာနီ အာရ် ဝမ်ဘင် မိုဟာမက် မက်ဇ်လန်လည်း တက်ရောက်သည်။ (သတင်းစဉ်)